ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (10-12-2014) (၈၀၅၀)

# စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၂၇/၂၀၁၄)
(၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်)
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄) ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်အား စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်သူအများ လွယ်ကူစွာ နားလည်လက်ခံနိုင်မည့် မူဝါဒ၊ ဥပဒေနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၉**

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြား သည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၁၅-၈-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့် မြေအရင်းအမြစ် စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနား၌ နိုင်ငံတော်သမ္မတမှ **"မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုသယံဇာတ စသည့် သဘာဝသယံဇာတအရင်းအမြစ်များကို နောင်သားစဉ်မြေးဆက်အထိ စနစ်တကျသုံးစွဲနိုင်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် ဒေသအလိုက်၊ မြို့နယ်အလိုက်**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော် တာချီလိတ်တွင်ကျင်းပ



**တာချီလိတ် ဒီဇင်ဘာ ၉**

သတ္တမအကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော် (ခ) နှစ်သစ်ကူးပွဲတော်အား ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ ရှမ်းရိုးမကွင်းတွင် ကျင်းပရာ ရှေးဦးစွာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်ငွေ့၊ ထိုင်း-လာအိုနိုင်ငံများနှင့် မိုင်းလားဒေသ ဧည့်သည်တော်များက ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မီးရှူးမီးပန်းများပစ်ဖောက်ကြပြီး နှစ်သစ်အားကြိုဆိုကြသည်။

ဆက်လက်ပြီး တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦးက နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ခါးထောင်းဖားပွဲတော်ကျင်းပရေးကော်မတီနာယက ဦးမင်းညိုက နှစ်သစ်သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ထိုင်း၊ လာအို၊ မြန်မာနိုင်ငံအသီးသီးတွင် မှီတင်းနေထိုင်ကြသည့် အာခါတိုင်းရင်းသားများက နိုင်ငံအလိုက်၊ ဒေသအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြပြီး နှစ်သစ်ကူးမိတ်ဆုံစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အာခါတိုင်းရင်းသားများသည် ရှမ်းပြည်နယ် သံလွင်အရှေ့ခြမ်းဒေသတွင် အဓိကမှီတင်းနေထိုင်ကြပြီး ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မိုင်းလားအထူးဒေသများတွင်လည်း နေထိုင်ကြကာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်ပေါ်တိုင်းရင်းသားများဖြစ်ကြသည်။ ရှေးယခင်က ခါးထောင်းဖားပွဲတော်အား မိမိတို့နေထိုင်ရာ ကျေးရွာအလိုက်၊ ဒေသအလိုက်သာ ကျင်းပလာခဲ့ကြရာမှ အာခါဇန်း ခေါ် အာခါတိုင်းရင်းသားများ၏ မူလအစယုံကြည်ကိုးကွယ်မှု ဘာသာဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာသာသနာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များအား လေးစားဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုများအား ပြန်လည်ဖော်ထုတ်နိုင်ရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**



ပြည်တွင်းရေးရာ

**☆ ပြည်သူမှ**
**မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို စနစ်တကျ စီမံတွက်ချက် ရေးဆွဲအကောင်အထည်ဖော်အသုံးပြုသွားမှသာ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းမှုနှင့်အတူ လူဦးရေတိုးပွားလာမှုကြောင့် လူမှုစီးပွားလိုအပ်ချက်များ ဖြည့်ဆည်းမှုတို့ကို စနစ်တကျ ဆောင်ရွက်နိုင်မည်"** ဖြစ်သည်ဟု လမ်းညွှန်ခဲ့ပါကြောင်း၊ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

လက်ရှိ ကျင့်သုံးနေသည့် မြေဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများမှာ အားနည်းချက်များရှိသည့်အပြင် မြေယာစီမံခန့်ခွဲသောဌာန၊ အဖွဲ့အစည်းအသီးသီးက ဥပဒေ၊ လုပ်ထုံးလုပ်နည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားစွာ စီမံခန့်ခွဲလျက်ရှိပြီး စွမ်းဆောင်ရည်မပြည့်ဝခြင်း၊ ညှိနှိုင်းပေါင်းစပ်မှုမရှိခြင်း စသည့် အားနည်းချက်များကြောင့် မြေယာအငြင်းပွားမှုများ ပေါ်ပေါက်ခြင်း၊ စနစ်တကျ စီစဉ်မထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ မြေဈေးများ အဆမတန်မြင့်တက်လာခြင်းတို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းနည်းပါးခြင်း၊ မြေကျူးကျော်မှုများဖြစ်ပွားခြင်းစသည့် မြေယာပြဿနာများ ရင်ဆိုင်နေရခြင်းဖြစ်ပါကြောင်း။

ယနေ့ မြေအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် ပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ ဆောင်ရွက်သွားရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း၊ ပြည်သူများက မကြာခဏ ဆန္ဒထုတ်ဖော်ခဲ့ကြသည်ကို အားလုံးအသိဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများကလည်း စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအတွက် မြေအသုံးချမှုအခက်အခဲနှင့် စိန်ခေါ်မှုများက အရေးကြီးသည့်ကိစ္စရပ်များဖြစ်နေသည်ဟု လေ့လာတင်ပြထားခဲ့ပါကြောင်း။

မြေအရင်းအမြစ်စီမံခန့်ခွဲရာမှာ စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာရှုထောင့်စုံမှ သုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့် မူဝါဒ၊ ခိုင်မာသည့် ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသော မြေစီမံအုပ်ချုပ်ရေးစနစ်များကို ချမှတ်ကျင့်သုံးအကောင်အထည်ဖော်ရန် လွန်စွာအရေးကြီးပါကြောင်း။

မြေမူဝါဒဆိုသည်မှာ မြေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းနှင့် ခွဲဝေနေရာချထားခြင်းကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရတစ်ရပ်၏ ရည်ရွယ်ချက်များနှင့် အစီအမံများကို တရားဝင်ဖော်ထုတ်ကြေညာချက်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း၊ ယင်းမူဝါဒတွင် အစိုးရနှင့် နိုင်ငံသားများအကြား မြေဆိုင်ရာအကျိုးစီးပွားနှင့် အခွင့်အာဏာခွဲဝေမှုများနှင့် စပ်လျဉ်းသည့် နိုင်ငံရေးရွေးချယ်မှုနည်းလမ်းနှင့်ပုံစံများ၊ မြေနှင့်ဆက်စပ်အရင်းအမြစ်များအသုံးပြုခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြရပါကြောင်း။

မြေမူဝါဒကို မျှမျှတတခွဲဝေခံစားမှု၊ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့် လုံခြုံစိတ်ချ အာမခံနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ထုတ်လုပ်နိုင်စွမ်းရှိမှု၊ ရေရှည်တည်တံ့ ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှု၊ အမျိုးသားလက္ခဏာ မပျောက်ပျက်ရေးယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းနိုင်မှု စသည့် ရည်ရွယ်ချက်များနှင့် ချမှတ်လေ့ရှိပါကြောင်း။

မြေမူဝါဒ၊ ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဖို့ ခိုင်မာအားကောင်းသည့် မြေယာအုပ်ချုပ်မှုစနစ် လိုအပ်ပါကြောင်း။

မြေယာအုပ်ချုပ်မှုဆိုသည်မှာ မြေအရင်းအမြစ် စီမံခန့်ခွဲမှု မူဝါဒများကို အကောင်အထည်ဖော်ရာတွင် မြေပိုင်ဆိုင်မှု၊ မြေတန်ဖိုးနှင့် မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် ဖြန့်ဝေခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း။

မြေယာအုပ်ချုပ်မှုကောင်းမွန်ရေးအတွက် အချက်(၃)ချက် လိုအပ်ပါကြောင်း၊ ပထမအချက်မှာ လူထုအတွင်း မြေဆိုင်ရာ အသိအမြင် မြင့်မားလာစေရေးအတွက် လေ့လာရေး၊ သင်ယူရေးလုပ်ငန်းစဉ်များဖြင့် စွမ်းရည်မြှင့်တင်ခြင်း(Empowerment)၊ ဒုတိယအချက်မှာ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ရိုးရှင်းထိရောက်သည့် လုပ်ထုံးလုပ်နည်းများဖြင့် တည်ကြည်ဖြောင့်မတ်စွာ ကိုင်တွယ်၊ ကျင့်သုံးခြင်းဖြင့် တာဝန်ယူခြင်း (Responsibility)နှင့် တတိယအချက်မှာ ရှင်းလင်းပြီး သင့်တော်ထိရောက်သည့် တရားဥပဒေစနစ်နှင့်အညီ ဆုံးဖြတ်လုပ်ဆောင်ပေးမည့် ဓမ္မဓိဋ္ဌာန်ကျသည့် ဥပဒေရေးရာမူဘောင် (Objective Legal Framework) ရှိခြင်းတို့ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်၏ အနာဂတ်တွင် သွားလိုသည့် မြေအရင်းအမြစ် စီမံခန့်ခွဲမှုသည် ရိုးရိုးရှင်းရှင်းဖြစ်ရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုသို့ ရှေးရှုဦးတည်နေသည့်ကာလမှာ ပြည်သူအများ လွယ်ကူစွာ နားလည်လက်ခံနိုင်မည့် မူဝါဒ၊ ဥပဒေနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် လိုပါကြောင်း။

ယနေ့ မိမိတို့ ရင်ဆိုင်နေရသော မြေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများမှာ မြေဆိုင်ရာကိန်းဂဏန်း၊ အချက်အလက်၊ အရည်အသွေးမပြည့်မီခြင်း၊ တာဝန်ယူရသည့် အဖွဲ့အစည်းအသီးသီးအတွက် ဘဏ္ဍာငွေ မလုံလောက်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်း ရှားပါးခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ရှုပ်ထွေးမှုရှိခြင်း၊ အဖွဲ့အစည်းများ၏ စိတ်အားထက်သန်မှု လျော့ပါးခြင်း၊ ဥပဒေမူဘောင်များ ခေတ်မမီခြင်း၊ ခေတ်မီ Software စနစ်များ၊ ပစ္စည်းများအတွက် အသုံးစရိတ်ကြီးမားခြင်း၊ အမျိုးမျိုးသော မြေပိုင်ဆိုင်လုပ်ကိုင်ခွင့်ဆိုင်ရာ ပုံစံများကို ပေါင်းစည်းပေးနိုင်မည့် စနစ်တစ်ရပ်လိုအပ်ခြင်း၊ နည်းပညာစံနှုန်းများနှင့် သတင်းအချက်အလက် ဖြန့်ဝေနိုင်မှုစွမ်းရည်အားနည်းခြင်း၊ မြေဆိုင်ရာအခွင့်အရေးနှင့် တာဝန်များအပေါ် လူထုသိမြင်နားလည်နိုင်မှု အားနည်းခြင်းတို့ ဖြစ်ပါကြောင်း။

ဤစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာအောင် ပြောင်းလဲပြုပြင်သွားရန် အချိန်တန်ပြီဟု ပြောလိုပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် အခြေခံစဉ်းစားရမည့် အချက်များကို တင်ပြလိုပါကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်၏မြေကို နိုင်ငံသားအားလုံးအတွက် မျှမျှတတဖြင့် အကျိုးဖြစ်ထွန်းစွာ အသုံးချနိုင်ရေး ဦးတည်သွားရမည်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် မြေအမျိုးအစားအလိုက် ပြည်သူလူထု၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေကြောင်းအရ အခိုင်အမာအကာအကွယ်ပေးရေးဖြစ်ပါကြောင်း၊ အသေးစားလုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ မြေယာလုပ်ပိုင်ခွင့်များကို ကာကွယ်ပေးပြီး ကျေးလက်မြေယာ ကုန်ထုတ်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရမှာ ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဖော်ဆောင်ရန် မြေပိုင်ဆိုင်လုပ်ပိုင်ခွင့်များကိုလည်း အာမခံပေးရမည်ဖြစ်ပါကြောင်း၊ မြေယာကျူးကျော်မှုများကို တရားဥပဒေနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ၎င်းတို့၏ နစ်နာချက်များကို ကောင်းမွန်စွာ ကြားနာစိစစ်ပြီး ဖြေရှင်းပေးရန်လည်း တာဝန်ယူနိုင်ရမည်ဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဓလေ့ထုံးစံ၊ မိရိုးဖလာ ဆက်ခံပိုင်ခွင့်များကို လေးစားလက်ခံပြီး ခေတ်နှင့်အညီ တရားဝင်မှုရှိအောင် ဆောင်ရွက်ပေးသွားရန် ဖြစ်ပါကြောင်း။

တတိယအချက်မှာ ထိရောက်သည့် မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာအောင် မြှင့်တင်ပေးရန် ဖြစ်ပါကြောင်း။

စတုတ္ထအချက်မှာ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် နယ်ပယ်(၃)ရပ် သဟဇာတဖြစ်လျက် နိုင်ငံတော်၏ မြေအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးရေး ဖြစ်ပါကြောင်း။

ပဉ္စမ ရှေ့လုပ်ငန်းစဉ် (၃)ရပ်အဖြစ် ရေရှည်တည်တံ့သော အနာဂတ် အခြေခံအုတ်မြစ်အဖြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ်ဆိုင်ရာ မူဝါဒများကို အများပါဝင်မှုဖြင့် ချမှတ်ရန်၊ မြေအရင်းအမြစ် မူဝါဒဆိုင်ရာ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် လက်တွေ့ကျသော ထီးရိပ်ဥပဒေတစ်ရပ် ပေါ်ထွက်လာရေးအတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ညှိနှိုင်းရေးဆွဲရန်နှင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ လက်ငင်းရရှိနိုင်ရေး မြေယာအုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲရေး ရှေ့ပြေးစမ်းသပ်စီမံချက်များကို အကောင်အထည်ဖော်သွားရန်တို့ ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ်ကြီး အောင်မြင်ရန်အတွက် ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု အဓိက လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များ လူထုအတွင်း လွတ်လပ်စွာ စီးဆင်းနေမှသာလျှင် အတူတကွ သိရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ အတူတကွ သိရှိနိုင်ကြမှသာလျှင် ကောင်းမွန်သော မြေမူဝါဒ၊ ဥပဒေနှင့်စီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းရေးအတွက် အတူတကွ ဆွေးနွေး၊ ညှိနှိုင်းတွေးခေါ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ အတူတကွ ဆွေးနွေး၊ ညှိနှိုင်းတွေးခေါ်နိုင်ကြမှသာ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ ကော်မတီအနေဖြင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးနှင့် လူမှုဘဝလုံခြုံရေးကို အာမခံချက်ပေးသည့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးရေးအတွက် မြေအသုံးချမှု မူဝါဒများ၊ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းကို ပြည်သူလူထုထံ အသိပေးချပြရှင်းလင်းပြီး ပြည်သူလူထုနှင့် သက်ဆိုင်သူအားလုံးထံမှ အကြံဉာဏ်နှင့် အတွေ့အကြုံများကို ရယူသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အမျိုးသားမြေအသုံးချမှုမူဝါဒရေးဆွဲရာတွင် ဌာနဆိုင်ရာများ၊ ကျွမ်းကျင်ပညာရှင်များ၊ အတိုင်ပင်ခံ ပညာရှင်များနှင့် USAID၊ EU- International Management Group (IMG)၊ Swiss Agency for Development and Cooperation (SDC) စသည့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ခဲ့မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အမျိုးသားမြေအသုံးချမှုမူဝါဒမူကြမ်းအား ရှင်းလင်းချပြ ဆွေးနွေး၍ ပြည်သူလူထု၏ အကြံပြုချက်များ ရယူခဲ့မှုအခြေအနေများ၊ အမျိုးသားမြေအသုံးချမှု မူဝါဒမူကြမ်းအား website တွင် လွှင့်တင်ထားပြီး E-mail မှတစ်ဆင့် အကြံပြုချက်များလည်း လက်ခံရယူမှုအခြေအနေ၊ အမျိုးသားမြေပုံစံစနစ် (One Map Myanmar) အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းရှိန်၊ ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦး၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းတို့က ၎င်းတို့ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြပြီး ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Hon.Mr. Feliciano Belmonte Jr, ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးH.E.Mr. Alex Garcia CHUAနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြည်သူ့လွှတ်တော်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# ထရန်စဖော်မာအသစ်တည်ဆောက်၍ ဓာတ်အားတိုးချဲ့ဖြန့်ဖြူး

**ထန်းတပင် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများက အမှတ်(၂)ရပ်ကွက် ကံ့ကော်လမ်းရှိ (၄၀၀)ဗို့ကြေးကြိုး HDBC No.4 များအစား 1C,95 $mm^2$ Insulated Cable (AL) များဖြင့် လိုင်းအရင်းခန်း ငါးခန်းအား ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက လဲလှယ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ အမှတ်(၃)ရပ်ကွက် လွမ်းစေတီဘုန်းကြီးကျောင်းရှေ့တွင် (၁၁/၀. ၄) ကေဗွီ၊ (၂၅၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်လျက်ရှိသည့်အပြင် အမှတ်(၄)ရပ်ကွက်တွင်လည်း ဝန်အားမျှ၍ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**အိသင်းထိုက်(Iprd)**

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်
ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၄ ။)
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်
အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၆ ။)
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်
အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅ ။)
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်
အဆောင်အယောင်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၇ ။)
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား လူထုအားကစား

## "ဒို့မန္တလေးမြို့ကြီးရဲ့ ပတ်လည်တခို" ဟောပြောတင်ဆက်

ရတနာပုံမင်းနေပြည်တော်ခေတ်မှ မန္တလေးမြို့အဖြစ်သို့ကူးပြောင်းရောက်ရှိလာသောအခါတွင် အတိတ်ရတနာပုံဖြစ်စဉ်၌ သဘာဝပတ်ဝန်းကျင်များ သာယာစိုပြည်၍ နေထိုင်သူအပေါင်း စိတ်ကြည်လင် ငြိမ်းချမ်းပျော်ရွှင်စွာရှိနေခဲ့ကြပုံကို ရှေးစာဆိုကြီးများ၏ တေးသီချင်းများက ပြဆိုခဲ့သည့်အကြောင်းကို မန္တလေးမြို့ရှိ စာရေးဆရာဆူးငှက်က စာပေဂီတအနုပညာများဖြင့်ပူးပေါင်း၍ "ဒို့မန္တလေးမြို့ကြီးရဲ့ပတ်လည်တခို"ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပခဲ့သည်။

ဆရာဆူးငှက်က ရှေးခေတ်မန္တလေးမြို့ကြီးသည် သဘာဝအလှအပများနှင့် စိမ်းလန်းစိုပြည်နေခဲ့ကြောင်းကို လက်ရှိအခြေအနေနှင့်နှိုင်းယှဉ်ပြသ၍ မျိုးဆက်သစ်လူငယ်များ ပြုပြင်ထိန်းသိမ်းသွားကြစေလိုကြောင်း၊ ယနေ့ကမ္ဘာကြီး၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အလွန်အရေးကြီးကြောင်း၊ အတိတ်က မန္တလေးမြို့ကြီးတွင် ယခုကဲ့သို့ သဘာဝရှုခင်းအလှများရှိခဲ့ကြောင်းကို မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းသိရှိသွားကြစေလိုကြောင်းနှင့် ယခင်ကရှိခဲ့သော စာဟောင်း၊ သီချင်းဟောင်း၊ ကဗျာဟောင်းများကို ပြန်လည်ဖော်ထုတ်ပေးလိုသော ရည်ရွယ်ချက်များဖြင့် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆရာဆူးငှက်၏ဟောပြောပွဲတွင် သမိုင်းအချက်အလက်နှင့်သက်ဆိုင်သော သီချင်းများကို အနုပညာရှင်ဖိုးသောကြာနှင့် မြို့မတူရိယာတေးသံရှင်များက သီဆိုဖျော်ဖြေကြပြီး အကပညာရှင်များဖြစ်သော ခင်ဝင်းနွယ်၊ ပန်တျာ ငွေငွေမြင့်နှင့် တွယ်တာတုံတို့က မြို့မတူရိယာအသင်းကြီးနှင့်အတူ ရွှာစား စိန်တင့်လွင်၊ တက္ကသိုလ်ခင်မြလွင် မင်္ဂလာဆိုင်းအဖွဲ့တို့က တေးဂီတများဖြင့် ပံ့ပိုးကူညီအားဖြည့်ခဲ့ကြသည်။

အဆိုပါဟောပြောတင်ဆက်မှုသို့ လာရောက်ကြည့်ရှုအားပေးသည့် ဆရာညီစေမင်းကလည်း "မြန်မာသံစဉ်သီချင်းတွေနဲ့ လူငယ်တွေရဲ့စိတ်ကို ပြောင်းလဲစေမယ်လို့ထင်ပါတယ်။ မန္တလေးသာမက မြန်မာတစ်ပြည်လုံးမှာ ဆုတ်ယုတ်နေတဲ့ယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းပေးကြပါ"ဟု ပြောသည်။

"ကိုဆူးငှက်က လုပ်သင့်တာကိုလုပ်တာပါ။ ကျွန်တော်မုဒိတာဖြစ်ပါတယ်။ ကျွန်တော်တို့မန္တလေးက ယဉ်ကျေးမှုသမိုင်းအစဉ်အလာဘယ်လောက်ကြီးမားတယ်ဆိုတာ ယခုလာရောက်အားပေးကြတဲ့ ပရိသတ်ကသက်သေပါပဲ"ဟု ဆရာညီပုလေးက ပြောကြားသည်။

ထိုပွဲကိုလာရောက်ကြည့်ရှုသော ပြည်ကြီးတံခွန်မြို့နယ်မှ ချမ်းပြည့်အောင်ကလည်း "ကျွန်တော်တို့ မသိရသေးတဲ့ သမိုင်းတွေကိုလည်း သိရတယ်။ ရှေးခေတ်စာရေးဆရာကြီးတွေဟာ မန္တလေးမြို့ကြီးကို သိပ်ချစ်ခဲ့တယ်ဆိုတာ သိရလို့ ကျွန်တော်တို့ ဝမ်းသာရပါတယ်။ ကျွန်တော်လည်း မန္တလေးသားဖြစ်ရလို့ ဂုဏ်ယူမိပါတယ်။ သူငယ်ချင်းတွေကိုလည်း နောင်ဒီလိုပွဲမျိုးလာကြည့်ဖို့ ပြောပြရပါဦးမယ်"ဟု ပြောသည်။

ဧည့်သည်တေးသံရှင်အဖြစ် တက်ရောက်အားပေးသော တေးသံရှင်ဖိုးသောကြာကလည်း "ဒီလိုပွဲမျိုးက လုပ်သင့်တဲ့ပွဲမျိုးပါ။ ဒါမှ လူငယ်တွေ မြန်မာ့ယဉ်ကျေးမှုနဲ့ ပိုပြီးနီးစပ်မယ်။ လာကြည့်တဲ့ပရိသတ်ကလည်း မန္တလေးကို ချစ်တဲ့စိတ်နဲ့ လာရောက်ကြည့်ရှုအားပေးကြတာပါ"ဟုပြောသည်။

အဆိုပါဟောပြာပွဲဖြစ်မြောက်ရေးအတွက် အိုဒီယန်တယ်ဟောက်ပိုင်ရှင် ဒေါ်ခင်စောဦးက ဦးဆောင်စီစဉ်ပေးခဲ့ပြီး မြို့မတူရိယာအသင်းကြီး၊ ရွှာစားစိန်တင့်လွင်နှင့် တက္ကသိုလ်ခင်မြလွင်မင်္ဂလာဆိုင်းအဖွဲ့မှ မေတ္တာဖြင့်ကူညီပေးခဲ့ကြပြီး မန္တလေးမြို့မှ မြို့မိမြို့ဖများ၊ စာရေးဆရာများနှင့် သတင်းမီဒီယာများတက်ရောက်ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ပြည်တွင်းရေးရာ

# နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း၊ ပညာသင်ကျောင်းများနှင့် သိပ္ပံများဖွင့်လှစ်ရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၉**

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်နှင့်အညီ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများနှင့် သိပ္ပံများ ဖွင့်လှစ်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြန်မာနိုင်ငံ၏ လျင်မြန်စွာ ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်များ၌ လုပ်ငန်းကဏ္ဍတိုင်းတွင် နည်းပညာနှင့် သက်မွေးပညာ ကျွမ်းကျင်သောလူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်လာပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ စက်မှုလက်မှု၊ လျှပ်စစ်စွမ်းအင်၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ပို့ဆောင်ရေးနှင့် ဆရာအတတ်သင်၊ သူနာပြုသားဖွားမှ ရုံးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း အတတ်ပညာများအထိ အသက်မွေးဝမ်းကျောင်းလုပ်ငန်း နယ်ပယ်အသီးသီးတွင် နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လိုအပ်လျက် ရှိပါကြောင်း။

တစ်ဖက်က အလယ်တန်း၊ အထက်တန်းကျောင်းတက်နှုန်းမြင့်မားအောင်၊ မူလတန်း၊ အလယ်တန်း အခမဲ့ပညာရေး၊ ထောက်ပံ့ကြေးများအပြင် ကျောင်းပြင်ပ ပညာရေးတိုးမြှင့်ဆောင်ရွက်ပေးနေသော်လည်း ပညာသင်ကြားမှုထက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူ အရေအတွက်သည်လည်း အခြားနိုင်ငံများနည်းတူ တိုးပွားလျက်ရှိသဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကျောင်းများ၊ သိပ္ပံများကို ပိုမိုတိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လာပါကြောင်း၊ ထို့အပြင် အလုပ်လုပ်ရင်း စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန် လိုအပ်လာပါကြောင်း။

ထို့ကြောင့် ဝန်ကြီးဌာနအသီးသီးသာမက ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း အသီးသီးကလည်း နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းမျိုးစုံ တိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဒေသအသီးသီးတွင် သင်တန်းကျောင်း၊ သိပ္ပံမျိုးစုံတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လာကြရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့တွင်း၌ မြေနေရာ အခက်အခဲရှိလာသည့်အပြင် သီးခြားကျောင်း၊ သိပ္ပံမျိုးစုံ တည်ထောင်ထူထောင်ရန် ဘဏ္ဍာငွေများစွာ ပိုမိုကုန်ကျလာနိုင်သဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း၊ ပညာသင်ကျောင်းနှင့် သိပ္ပံများကို အခြားနိုင်ငံများကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာသင် အထက်တန်းကျောင်းများ၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်သိပ္ပံ၊ Palytechnic/Technical and Vocational Eduaction and Training Center Institute များအဖြစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်နှင့်အညီ စုပေါင်းဖွင့်လှစ်ရေး ဆောင်ရွက်ရာ၌ လက်ရှိဖွင့်လှစ်ပြီးသော ကျောင်းများ၊ သိပ္ပံများ၏ အစဉ်အလာနှင့် ကျောင်းသားဦးရေအပေါ် မူတည်ပြီး ဆက်လက်ဖွင့်လှစ်သွားရန်၊ ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းအသီးသီးတွင် လိုအပ်လျက်ရှိသော နည်းပညာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ရေးဆွဲသွားကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ ဆွေးနွေးညှိနှိုင်းပြီး ကျောင်းများ၊ သိပ္ပံများအား လိုအပ်ချက်နှင့်အညီ Demand Driven Approach ဖြင့် အစိုးရသာမက အစိုးရနှင့် ပုဂ္ဂလိက၊ ပုဂ္ဂလိကကျောင်း၊ သိပ္ပံများကို အကျိုးရှိထိရောက်အောင် ဖွင့်လှစ်သွားကြရေး၊ ကျွမ်းကျင်မှုစံသတ်မှတ်ချက်နှင့်အညီ လက်တွေ့တတ်ကျွမ်းပြီး လုပ်ငန်းခွင်တွင် တိုက်ရိုက်လုပ်ကိုင်နိုင်သည့် သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအသီးသီး ဖွင့်လှစ်နိုင်ရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများအောက်ရှိ အချို့သင်တန်းကျောင်းများကို Demand Driven Approach နှင့်အညီ ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒေသ၏လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်အရ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်သူများမွေးထုတ်နိုင်ရေးအတွက် Skill Structure ကို ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ ရေးဆွဲထားပါကြောင်း၊ Skill Structure ကို နိုင်ငံတော်၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ သင်ရိုးညွှန်းတမ်းများကိုလည်း ရေးဆွဲပြီး သင်ကြားပေးနိုင်ရန်နှင့် သင်တန်းပြီးဆုံးပါက Certificate ထုတ်ပေးနိုင်ရေးနှင့် Diploma လက်မှတ်ထုတ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင်ရှိသော အချို့သိပ္ပံများ၊ ကျောင်းများအား လိုအပ်သောဘာသာရပ်စုံလင်စွာ သင်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနများပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မှသာ နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများနှင့် သိပ္ပံများ ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ကျိုင်းတုံ၌ ရေကန်ကျိုးပေါက်မှုဖြစ်ပွား

**ကျိုင်းတုံ ဒီဇင်ဘာ ၉**

ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဝမ်ကောင်းဘူတာရုံအနီး၌ ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီခန့်က ရေကန်ကျိုးပေါက်မှု ဖြစ်ပွားခဲ့သဖြင့် အနိမ့်ပိုင်းနေရာများ ရေလွှမ်းသွားပြီးနောက် ရွှံ့ညွှန်များ တင်ကျန်ရစ်ခဲ့သည်။ အဆိုပါရွှံ့ညွှန်များ တင်ကျန်ခဲ့သည့် ကျိုင်းတုံ-တာချီလိတ် ကားလမ်းမကြီးအား ဒီဇင်ဘာ ၉ ရက် နံနက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ရေကန်ကျိုးပေါက်ပြီး ရေလွှမ်းသဖြင့် ကားလမ်းများ ယာယီပိတ်ထားခဲ့ရပြီး ရွှံ့ညွှန်များ တင်ကျန်ခဲ့သဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေဖျန်းကားများဖြင့်လည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ သန္နေနှင့် အရန်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့်လည်းကောင်း ရေဆေးသန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြသည်။

ရေကန်ကျိုးပေါက်မှုကြောင့် လူ၊ တိရစ္ဆာန်နှင့် သီးနှံ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရှိရသော်လည်း စိုက်ပျိုးလယ်မြေတချို့ ရွှံ့ညွှန်များ တင်ကျန်ခဲ့ကြောင်း ဒေသခံရွာသားတစ်ဦးက ပြောပြသည်။ **(၅၁၃)**

## ရခိုင်ပြည်နယ်၌ အင်ဒိုနီးရှားအစိုးရ၏လှူဒါန်းမှုဖြင့် ကျောင်းဆောင်များဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ်အတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရ၏ လှူဒါန်းမှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်ပြီးစီးသွားသည့် အခြေခံပညာကျောင်း လေးကျောင်းဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် သေကန်ကျေးရွာနှင့် စမ္ဘလေကျေးရွာမူလတန်းကျောင်းဆောင်သစ်များ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Abdurrahman Mohammad Fachir တို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးက ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး အင်ဒိုနီးရှားနိုင်ငံ ဒုတိယဝန်ကြီးက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှားသံအမတ်ကြီးက ပြည်နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်လေးကျောင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး ကျောင်းဆောင်သစ်များကို ကြည့်ရှုကြသည်။

ဖွင့်လှစ်ခဲ့သော ကျောင်းဆောင်သစ်များမှာ မင်းပြားမြို့နယ် သေကန်မူလတန်းကျောင်းနှင့် စမ္ဘလေမူလတန်းကျောင်း၊ မောင်တောမြို့နယ် မောရဝတီစံပြကျေးရွာ မူလတန်းကျောင်း၊ ဘူးသီးတောင်မြို့နယ် သပြေကုန်းရပ်ကွက်(၁) မူလတန်းကျောင်းများဖြစ်ပြီး သဘာဝဘေးဒဏ်ကြုံတွေ့လာပါက ခိုလှုံနိုင်မည့်နှစ်ထပ်ကျောင်းဆောင်သစ်များဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**










# အမေရိကန် ကြားကာလရွေးကောက်ပွဲနှင့် အမေရိကန် မီဒီယာလောက

မြတ်သန္တာမောင်

မြန်မာနိုင်ငံတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးနောက် ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိ ဒီမိုကရေစီအစိုးရ၏ ငါးနှစ်တာကာလသက်တမ်းမှာ မကြာမီကုန်ဆုံးတော့မည်ဖြစ်ပြီး အစိုးရသစ်ရွေးချယ်ရန် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည်ဟု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားသည်။

ရွေးကောက်ပွဲသတင်းများ ရယူရေးသားရာတွင် ဒီမိုကရေစီစနစ်ထွန်းကားပြီး နိုင်ငံများရှိ မီဒီယာများနှင့် ချိန်ထိုးကြည့်ပါက မြန်မာနိုင်ငံ၏ မီဒီယာလောကသည် အားနည်းချက်များ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာ့သတင်းမီဒီယာသမားအချို့အား ရွေးကောက်ပွဲသတင်းများ ရယူရေးသားနိုင်ရန်နှင့် စွမ်းရည်မြှင့်သင်တန်းပို့ချနိုင်ရန် နိုင်ငံတကာသတင်းစာဆရာများအဖွဲ့ (ICFJ) အား အစီအစဉ်ရေးဆွဲစေ၍ ငွေကြေးထောက်ပံ့ခဲ့သည်။

ICFJ ၏ အစီအစဉ်သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင်ကျင်းပမည့် အမေရိကန်နိုင်ငံ၏ ကြားကာလ ရွေးကောက်ပွဲသို့ မြန်မာသတင်းသမားများ လာရောက်လေ့လာသတင်းယူနိုင်ရန်ဖြစ်သည်။ ICFJ အဖွဲ့သည် အွန်လိုင်းနှင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် လျှောက်လွှာများခေါ်ယူပြီး မီဒီယာကဏ္ဍအစုံမှ သတင်းသမား ၁၅ ဦးကိုရွေးချယ်ကာ ၎င်းတို့၏ အစီအစဉ်ကို စတင်ခဲ့သည်။

ယင်းအစီအစဉ်သည် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ အမေရိကန်နိုင်ငံ ဝါရှင်တန် (ဒီစီ)၊ ရာလေ(မြောက်ကယ်ရိုလိုင်းနား)နှင့် ဘာတွန်ရုပ် (လူစီယားနား) မြို့များ၌ မဲဆွယ်ပွဲကျင်းပခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်း၊ အမေရိကန်သတင်းစာများ၊ ရေဒီယိုများ၊ ရုပ်မြင်သံကြားများက ရွေးကောက်ပွဲသတင်းယူရန် အကြိုပြင်ဆင်မှုနှင့် ရွေးကောက်ပွဲသတင်းရယူပုံများအားလေ့လာခြင်းတို့ပါဝင်သည်။

အဆိုပါ ကြားကာလရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသတင်းယူမှုသင်တန်းသို့ မိမိအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ သတင်းထောက်တစ်ဦးအဖြစ် တက်ရောက်ခွင့်ရရှိခဲ့သည်။



ရာလေ(မြောက်ကယ်ရိုလိုင်းနား)ရှိ ရုပ်သံလွှင့်ဌာန။

**အမေရိကန် ကြားကာလ ရွေးကောက်ပွဲ**

လေးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည့် အမေရိကန် သမ္မတရွေးကောက်ပွဲများသည် မြန်မာတို့အတွက် မစိမ်းလှသော်လည်း ကြားကာလရွေးကောက်ပွဲများမှာမူ မြန်မာမီဒီယာများ၌ ဖော်ပြလေ့နည်းပါးပါသည်။ အမေရိကန်နိုင်ငံတွင် အထက်လွှတ်တော်(ဆီးနိတ်)နှင့် အောက်လွှတ်တော် (ကွန်ဂရက်)အတွက် အမတ်နေရာများကို ကြားကာလရွေးကောက်ပွဲပြုလုပ်ပြီး ရွေးချယ်လေ့ရှိသည်။

အထက်လွှတ်တော်(ဆီးနိတ်)၏ အမတ်နေရာ ၁၀၀ အတွက် အမတ်သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။ အမေရိကန်နိုင်ငံရှိ ပြည်နယ် ၅၀ မှ ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် နှစ်ဦးနှုန်း ရွေးချယ်သည်။ အမတ်ဦးရေ၏ ၁/၃ (သုံးပုံတစ်ပုံ)ကို နှစ်နှစ်လျှင်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပ၍ ရွေးချယ်သည်။

အောက်လွှတ်တော်တွင် အမတ်နေရာ ၄၃၅ နေရာရှိကာ ပြည်နယ်တစ်ခုချင်းစီ၏ လူဦးရေကို အခြေခံ၍ ပြည်နယ်အလိုက်ရရှိသော အမတ်နေရာ အချိုးအစားမှာ မတူညီကြပေ။ အောက်လွှတ်တော်အမတ်သက်တမ်းမှာ နှစ်နှစ်ဖြစ်ပြီး ရွေးကောက်ပွဲကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် အမေရိကန်နိုင်ငံ၏ ကြားကာလရွေးကောက်ပွဲတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် အမတ်နေရာများအတွက်သာမက အုပ်ချုပ်ရေးမှူးနေရာများအတွက် ပြုလုပ်သည့်ရွေးကောက်ပွဲများလည်း ပါဝင်သည်။ အမေရိကန် ကြားကာလရွေးကောက်ပွဲစနစ်မှာ မဲအများဆုံးရသူ အနိုင်ယူစနစ်ဖြစ်သည်။ သို့ရာတွင် အနိုင်ရသည့် အမတ်လောင်းရရှိသော မဲအရေအတွက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်ခြင်းမရှိပါက ဒီဇင်ဘာလအတွင်း၌ ဒုတိယအကြိမ် ရွေးကောက်ပွဲ ပြန်လည်ယှဉ်ပြိုင်သည့်စနစ်ကို အသုံးပြုသည်။

**၂၀၁၄ တွင် မဲဆွယ်ရန်ပုံငွေ ဒေါ်လာသန်းချီသုံးသည့် ဆီးနိတ်အမတ်လောင်းများ**

အမေရိကန်မီဒီယာများ၏ ဖော်ပြချက်များအရ ဒုတိယကမ္ဘာစစ်အပြီး ကျင်းပခဲ့သော ကြားကာလ ရွေးကောက်ပွဲများအနက် ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲသည် ဒီမိုကရက်တစ်ပါတီနှင့် ရီပက်ဘလစ်ကန်ပါတီတို့အကြား ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးရွေးကောက်ပွဲဖြစ်ခဲ့သည်ဟုဆိုထားသည်။ ကြားကာလရွေးကောက်ပွဲ မတိုင်မီအခြေအနေတွင် အမေရိကန်၏ ဆီးနိတ်အား ဒီမိုကရက်တစ်များမှ အမတ်ဦးရေ ၅၀ ကျော်ဖြင့် ထိန်းချုပ်ထားနိုင်ခဲ့သော်လည်း စက်တင်ဘာ ၄ ရက် ကြားကာလ ရွေးကောက်ပွဲ၌ ရီပက်ဘလစ်ကန်များ အနိုင်ရရှိခဲ့မည်ဆိုပါက ဆီးနိတ်အတွင်း ရီပက်ဘလစ်ကန်တို့က လွှမ်းမိုးလာနိုင်မည်ဖြစ်သည်။

ဒီမိုကရက်တစ်နှင့် ရီပက်ဘလစ်ကန် ထောက်ခံမှုအားပြိုင်နေသည့် ရာလေ(မြောက်ကယ်ရိုလိုင်းနား)နှင့် ဘာတွန်ရုပ်(လူစီယားနား)ကဲ့သို့ ပြည်နယ်များ၌ မဲဆွယ်ရာတွင် ပါတီနှစ်ခုလုံးက အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်အထိ ပုံအောသုံးစွဲလာကြသည်။ အဆိုပါပမာဏသည် အမေရိကန်သမိုင်းတွင် အမတ်တစ်ဦးအတွက် ကုန်ကျစရိတ်အများဆုံးသုံးစွဲမှုဖြစ်ပြီး ယင်းငွေများသည် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နိုင်သည့် ပမာဏတစ်ခုဖြစ်သည်ဟု မြောက်ကယ်ရိုလိုင်းနားဒေသဆိုင်ရာ WRAL-TV/WRAL.com မှ Capitol Bureau Chief Ms. Laura Leslie က မဲဆွယ်ရန်ပုံငွေ အမြောက်အမြားသုံးစွဲခြင်းအပေါ် မှတ်ချက်ပြုသည်။

> ❝ရွေးကောက်ပွဲဝင်မည့် အမတ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ အမှန်တကယ်ပုံရိပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီရရှိစေပြီး မှန်ကန်စွာဆုံးဖြတ် မဲပေးနိုင်ရန်အတွက် အကူအညီပေးရန်၊ ရွေးကောက်ပွဲများအား ပြည်သူများ ယုံကြည်သက်ဝင်စေရန် လိုအပ်ပေသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာသတင်းမီဒီယာများအား စစ်ဆေးမှုတစ်ခုအသွင်ဖြင့် စောင့်ကြိုနေပေလိမ့်မည်❞



ဘာတွန်ရုပ်(လူစီယားနား)ရှိ မဲရုံတစ်ရုံ။

“ယခင် ရွေးကောက်ပွဲဥပဒေအရဆို မဲဆွယ်စည်းရုံးသူက သူတို့မဲဆွယ်ဖို့အသုံးပြုတဲ့ငွေ ဘယ်ကလာတယ်ဆိုတာကို ပြည်သူကို ထုတ်ပြန်ရတယ်။ ဒီလိုအခြေအနေမျိုးဆို ကျွန်တော်တို့က သူ့နောက်မှာ လုပ်ငန်းရှင်ရှိလား၊ အလုပ်သမားသမဂ္ဂက လူတွေရှိလား ဖော်ထုတ်ရေးသားနိုင်တယ်။ အခုတော့ အပြောင်းအလဲဖြစ်သွားတဲ့ တရားရုံးချုပ်ရဲ့ဥပဒေကြောင့် ကြားခံအဖွဲ့ကနေတစ်ဆင့် ငွေကြေးလှူလို့ရလာတယ်။ ကြားခံအဖွဲ့ကလည်း သူတို့ပိုက်ဆံတွေ ဘယ်ကရတယ်ဆိုတာ မပြောတော့ သတင်းလိုက်ရတာ ခက်လာတယ်။ လက်ရှိရွေးကောက်ပွဲမှာ ငွေသန်းပေါင်းများစွာ သုံးစွဲနေပေမယ့်လည်း သတင်းထောက်တွေအနေနဲ့ ပိုက်ဆံတွေ ဘယ်က လာနေတယ်ဆိုတာကို မသိနိုင်တော့ဘူး။ ဒါက ပြဿနာတစ်ရပ်လိုဖြစ်လာပြီ” ဟု မဲဆွယ်ရာတွင် ငွေကြေးအမြောက်အမြားသုံးစွဲမှုများနှင့်ပတ်သက်၍ ရာလေ(မြောက်ကယ်ရိုလိုင်းနား)ရှိ စုံစမ်းဖော်ထုတ်သတင်းများကို အထူးပြုရေးသားဖော်ပြသည့် The News & Observer သတင်းစာ၏ နိုင်ငံရေးသတင်းထောက် Mr. Rob Christensen က ဆိုထားသည်။

ရွေးချယ်ခံမည့် အမတ်လောင်းများသည် မဲဆွယ်စည်းရုံးရေးအတွက်အသုံးပြုသော ငွေများကို မီဒီယာများ တွင် ကြော်ငြာထည့်သွင်းခြင်းဖြင့် အဓိကအကုန်အကျခံကြသည်။ ထို့ကြောင့် အမေရိကန်ရုပ်သံလိုင်းများတွင် ကြော်ငြာများဖြင့် မဲဆွယ်စည်းရုံး၍ ပြိုင်ဘက်ပါတီကို ယှဉ်ပြိုင်အလဲထိုးကြသည်။ ယင်းသို့ **ဝင်ငွေအားကောင်းသည့် အမတ်လောင်းများ၏ မဲဆွယ်ကြော်ငြာများနှင့်အတူ အမတ်လောင်းတို့၏ဝင်ငွေ မည်သူ့ထံမှရရှိသည်ကို မသိနိုင်ခြင်းသည် အမေရိကန်မီဒီယာများအတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေ**သည်။

> ❝ဝင်ငွေအားကောင်းသည့် အမတ်လောင်းများ၏ မဲဆွယ်ကြော်ငြာများနှင့်အတူ အမတ်လောင်းတို့၏ဝင်ငွေ မည်သူ့ထံမှရရှိသည်ကို မသိနိုင်ခြင်းသည် အမေရိကန်မီဒီယာများအတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေ❞

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆

ပြည်တွင်းရေးရာ

# ဆေးလိပ်နှင့် ဆေးရွက်ကြီးကို ထိရောက်စွာထိန်းချုပ်နိုင်ရေး ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၉**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တရားမဝင် ကုန်သွယ်မှုထိန်းချုပ်ရေးအတွက် FCTC ကွန်ဗင်းရှင်းဝင်နိုင်ငံများမှ ဌာနပေါင်းစုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသည် ကာကွယ်၍ရသော သေဆုံးမှုများအနက် ထိပ်ဆုံးတွင်ရှိနေသော အကြောင်းရင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူခြောက်သန်းခန့် ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် သေဆုံးလျက်ရှိကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးစသည့်အချက်များနှင့် ဆက်နွယ်လျက်ရှိကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှု၊ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာ့စီးပွားရေးဈေးကွက်ချဲ့ထွင်မှု၊ နယ်စပ်ဖြတ်ကျော်ကြော်ငြာခြင်းများ၊ မှောင်ခိုရောင်းချခြင်း စသည့် အကြောင်းများကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုသည် အဆမတန် များပြားလာကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေးသည် ခက်ခဲရှုပ်ထွေးသော ကိစ္စတစ်ခုဖြစ်သော်လည်း ဒေသတွင်းတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကွန်ဗင်းရှင်းအတွင်းရေးမှူးအဖွဲ့၏ အကြီးအကဲ Dr.Vera Luiza da Costa eSilva နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr.Luna Jorge Maria တို့က အမှာစကားပြောကြားကြသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေးအတွက် FCTC ကွန်ဗင်းရှင်းဝင်နိုင်ငံများမှ ဌာနပေါင်းစုံဆွေးနွေးပွဲသို့ အာရှဒေသအတွင်းရှိ ကွန်ဗင်းရှင်းဝင်နိုင်ငံ ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကွန်ဗင်းရှင်းအတွင်းရေးမှူးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၄၃/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၂)၊ တကောင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံ တောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ**အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၇၉)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လေ့လှော်အားကစားသမားများအတွက် အားဆေးဘူးများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၉**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ အစွမ်းကုန်လေ့ကျင့်လျက်ရှိရာ ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အင်းယားကန်ရှိ လှေလှော်လေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံလှေလှော်အားကစားအုပ်ချုပ်ရေးတာဝန်ခံညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားပြိုင်ပွဲအတွက် ရွှေတံဆိပ်အများဆုံး မျှော်မှန်းထားသော ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူး/ကယက်လှေလှော်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အားကစားသမားများလေ့ကျင့်မှုအပြီးတွင် အားကစားဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် စင်ကာပူနိုင်ငံမှ မှာယူထားသော ကျန်းမာကြံ့ခိုင်၍ သက်လုံကောင်းစေပြီး အင်အားပြည့်ဖြိုးစေသော BYMATIZE SUPER AMINO အားဆေးဘူးများကို အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယညွှန်ကြား



ရေးမှူးချုပ်က ပေးအပ်ရာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး မြန်မာနိုင်ငံ လှေလှော်အားကစား အုပ်ချုပ်ရေးတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် လှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးတို့က လက်ခံရယူခဲ့သည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# သံအမတ်ကြီး ဦးစိုးနွယ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အက်စ်တိုးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် တာလင်မြို့၌ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုးမတ်စ် ဟန်ဒရစ်အေးဗက်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး မွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ဒုတိယဦးစီးမှူးမွမ်းမံသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဆေးဝါးစက်ရုံလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းအတတ်သင်သိပ္ပံတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အာဆီယံအသိုက်အဝန်းနှင့် နိုင်ငံတကာသတ်မှတ်စံနှုန်းများနှင့်အညီ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်လာစေရေးနှင့် မြန်မာနိုင်ငံ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် အသိပညာများ ဖြန့်ဝေပေးရမည့် အခြေအနေများကို ပြောကြားခဲ့သည်။

ဆက်လက်၍ ငါးလုပ်ငန်းအတတ်သင် သိပ္ပံကျောင်းအုပ်ကြီး ဦးမြင့်စိုးက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် အလုပ်အမှုဆောင်ကော်မတီများ၊ သင်တန်းဆရာ ဆရာမများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကာ သင်တန်းသားသင်တန်းသူ ၄၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

# ပန်းလှိုင်တံတားအနီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အပြင်ပဒံကျေးရွာ ပန်းလှိုင်တံတားလမ်းဘေးရှိ ကျူးကျော်တဲလူနေအိမ်ခန်း၌ ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ YCDC အခွန်(တန်ပို)ဂိတ်ခွဲဘေးရှိ ကျူးကျော်တဲမှ ကားအတွင်း ဓာတ်ဆီပုံးသယ်ထုတ်စဉ် ပုံးကွဲပြီး အနီးရှိမီးဖိုသို့ ဓာတ်ဆီများ စီးဆင်းသွားရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုးနှင့် ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ



တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ရောက်ရှိလာပြီး အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် ၁၀ စီးဖြင့် အချိန်မီ ငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ပရိဘောဂယာဉ်နှင့် အခြားပစ္စည်းများ ဆုံးရှုံးသွားကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**






# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးလုပ်ငန်းစဉ်များတွင် နည်းပညာအကူအညီပေးရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ ကုန်းတွင်းပိတ်နှင့် ကျွန်းငယ်ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်ရုံးမှ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျန်ချန်ဒရာအာချာရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးလုပ်ငန်းစဉ်များတွင် နည်းပညာအကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးတင်ငွေ၊ ဒေါက်တာဇော်မင်းအောင်၊ ဒေါ်လှဲ့လှဲ့သိန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

### ❋ အာခါတိုင်းရင်းသားရိုးရာမှ

အာခါတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံတွေ့နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ စုပေါင်း၍ဆင်နွှဲလာခဲ့ကြသည်မှာ သတ္တမအကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ခါးထောင်းဖားပွဲတော်အား ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ တာချီလိတ်မြို့ ရှမ်းရိုးမကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သံလွင်အရှေ့ခြမ်း တာချီလိတ်-ကျိုင်းတုံ-မိုင်းဆတ်-မိုင်းဖြတ်-မိုင်းလားဒေသများ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အာခါတိုင်းရင်းသားများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သတင်းမီဒီယာများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်တကွ တိုင်းရင်းသားပြည်သူများအားလုံး တပျော်တပါး ပါဝင်ဆင်နွှဲကြကာ ရိုးရာယဉ်ကျေးမှုလက်မှုပညာများ၊ ရိုးရာရတုသီဆိုပွဲများ၊ အဆိုအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်သာမက ပွဲတော်ကာလအတွင်း ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား လူမျိုးဘာသာမခွဲခြားဘဲ ထမင်းရည်ချောင်းစီး ကျွေးမွေးလှူဒါန်းကြကာ ကြည်နူးပျော်မွေ့ဖွယ်ကောင်းလှသော အာခါတိုင်းရင်းသားတို့၏ ခါးထောင်းဖားပွဲတော်ခေါ် နှစ်သစ်ကူးပွဲတော်အား မှတ်တမ်းပြုအပ်ပါသည်။

**(မောင်ယဉ်ကျေး)**

### ❋ ကုန်းဘောင်ခေတ်မှ

အရှင်နှစ်ပါးမှ သာသနာနှင့်ဆက်နွှယ်သည့် သုတ်ပါဠိကျမ်းဂန်များကို လှူဒါန်းခဲ့သည်ကို ဆင်စွယ်မှတ်တမ်းလွှာနှစ်ခုတွင် ရေထိုးထားသည်။ ဆင်စွယ်မှတ်တမ်းလွှာနှစ်ခုသည် အလျား ၉ လက်မခန့်၊ အနံ ၁၀ စင်တီမီတာခန့်ရှိပြီး တစ်ဖက်တွင် လှူဒါန်းမှုများကို မှတ်တမ်းတင်ထားကာ အခြားတစ်ဖက်တွင် မန္တလေး ရတနာပုံဒုတိယမြို့တည် သကျသာကီဝင် အသျှင်နှစ်ပါးကုသိုလ်တော်ဟု ရေးထိုးထားသည်ကို တွေ့ရသည်။

ကုန်းဘောင်ခေတ် ဆင်စွယ်မှတ်တမ်းလွှာနှစ်ခုအပြင် ကြေးဝါပြားမှတ်တမ်းလွှာတစ်ခုကိုလည်း တွေ့ရသည်။ ယင်းကြေးဝါမှတ်တမ်းလွှာတွင်မူ ဒုတိယမောင်းထောင်ဆရာတော်တည်ထားကိုးကွယ်သည့် ဘုရားကြီးကျေးရွာရှိ မဟာလောကမာရဇိန်စေတီတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၃၃၇ ခုနှစ် ဝါဆိုလအတွင်း လှုပ်ခတ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် ထီးတော်ယိုင်လဲခြင်း၊ ငှက်ပျောဖူးပျက်စီးခြင်း စသည်တို့ကြောင့် ဘုရားကြီးကျောင်းတိုက် ငါးဆက်မြောက် ကျောင်းထိုင်ဆရာတော်က ပြုပြင်တည်ထားကိုးကွယ်ခဲ့ပုံကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဒုတိယမောင်းထောင်ဆရာတော်သည် ရွာသစ်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာ ဘုရားကြီးကျောင်းတိုက်တွင် သီတင်းသုံးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့အနက် သရေခေတ္တရာမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ်လိုဂိုကျောက်တိုင်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၉**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့အနက် သရေခေတ္တရာမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ် Logo ကျောက်တိုင်ဖွင့်လှစ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ ပြည်-ပေါက်ခေါင်းကားလမ်းနံဘေး ရွှေတံခါးကွက်သစ် နဂါးတွန့်တံခါးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် UNESCO ရုံးခွဲ (Myanmar) မှ Mr. Sandar Umar Alam နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များအနက် ပျူရှေးဟောင်းမြို့တော်များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများမှာ ယခုနှစ် ဇွန်လအတွင်းမှာပင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ပထမဦးစွာ သတ်မှတ်ခံရပြီး ဖြစ်ပါကြောင်း၊ ၎င်းပျူမြို့ဟောင်းများ၏ ယဉ်ကျေးမှုမှာ အမျိုးသားယဉ်ကျေးမှု အဆင့်ကို ကျော်လွန်၍ ကမ္ဘာပေါ်ရှိ လူသားအားလုံး အသိအမှတ်ပြုနိုင်သည့် တန်ဖိုးများနှင့် ပြည့်စုံနေသည့်အတွက် ယခုမျက်မှောက်ခေတ်နှင့် နောင်အနာဂတ် မျိုးဆက်သစ်များအတွက် အရေးပါသည့် ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) က အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ကြောင်း။

ထို့အပြင် ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ပျူမြို့ဟောင်းများတည်ရှိရာ ဒေသအတွင်း နေထိုင်ကြသည့် ယဉ်ကျေးမှုနှင့်သမိုင်းကို ချစ်မြတ်နိုးသော ပြည်သူများဖြင့် ဖွဲ့စည်းထားသည့် သရေခေတ္တရာ အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့၊ ရွှေဘုန်းပွင့်ပိဋကတ် စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်၊ ဗိဿနိုးယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့နှင့် ဟန်လင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ၂၀၁၄ ခုနှစ် ဇွန်လက ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံတွင် ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်လိုက်သည့်အတွက် ကမ္ဘာ့အမွေအနှစ်အထိမ်းအမှတ် Logo စိုက်ထူခြင်းအခမ်းအနား ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ် Logo စိုက်ထူခြင်းအားဖြင့် ပျူသုံးမြို့သို့ လာရောက်ကြသည့် ပြည်တွင်းပြည်ပ ဧည့်သည်များသည် ၎င်း Logo အားတွေ့သည်နှင့် ၎င်းဒေသမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည့်နေရာဖြစ်သည်ကို အလိုလိုသိပြီးသားဖြစ်ကြောင်း၊ ၎င်းသို့ သိသည်နှင့်အညီ မဖြစ်မနေ လေ့လာကြည့်ရှုရမည့်နေရာဖြစ်သည်ကို လက်ခံပြီး ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ကမ္ဘာ့အမွေအနှစ် ပျူမြို့ဟောင်းသုံးမြို့ကို မည်သည့်အကြောင်းနှင့်မျှ ထိခိုက်ပျက်စီးမှု မဖြစ်ရန်အတွက် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရမည့် အဓိကကျသော ပုဂ္ဂိုလ်များမှာ ဒေသခံပြည်သူများနှင့် နိုင်ငံသားအားလုံးပင်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ်အဖြစ် ဦးစားပေးရွေးချယ်ခဲ့ရခြင်းမှာ သမိုင်းတင်ခေတ်အစောပိုင်းကာလ ယဉ်ကျေးမှု (Proto Historic Culture)၏ မြို့ပြယဉ်ကျေးမှု (Urbanization)နှင့် မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့ခြင်း၏ ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်ခြင်း၊ လက်ရှိတွေ့ရှိထားသော အထောက်အထားများအရ အရှေ့တောင်အာရှဒေသအတွင်းရှိ အစောဆုံးသော ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့်အတူ ဗုဒ္ဓယဉ်ကျေးမှုကိုအခြေခံ၍ တည်ဆောက်ထားသော မြို့ပြယဉ်ကျေးမှုတစ်ရပ်ဖြစ်ခြင်း၊ မြေပေါ်မြေအောက် အထောက်အထားများ ကြွင်းကျန်တည်ရှိနေသကဲ့သို့ ရာစုနှစ်တစ်ခုမက ပြည်တွင်းပြည်ပ ပညာရှင်များ၏ သုတေသနပြုလေ့လာခဲ့မှုတို့ကြောင့် တိကျခိုင်မာသော သက်သေအထောက်အထားများရှိနေခြင်း၊ တွေ့ရှိရသော ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားတို့ကို ခေတ်မီနည်းစနစ်ဖြင့် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှု (Carbon Dating) ပြုလုပ်ရာတွင်လည်း တိကျခိုင်မာသောကာလ၊ ခုနှစ်သက္ကရာဇ်တို့ကိုလည်း ဖော်ထုတ်တင်ပြနိုင်ခြင်း စသည်တို့ကြောင့် ဦးစားပေးရွေးချယ်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာ အထောက်အပံ့များ တောင်းခံရရှိခဲ့ရာ UNESCO အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် အီတလီနိုင်ငံမှ ငွေကြေးနှင့် နည်းပညာအကူအညီ ရရှိခဲ့ပါကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ အငြိမ်းစားပညာရှင်များ၊ နိုင်ငံတကာပညာရှင်များ ပါဝင်ကာ အမွေအနှစ်များနှင့် သက်ဆိုင်သည့် အချက်အလက်များကို စာတွဲပြုစုပြင်ဆင်ခဲ့ရပါကြောင်း၊ သုတေသနလုပ်ငန်းများတွင်လည်း ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်၍ ထိန်းသိမ်းရေးလုပ်ငန်း၊ မြေပုံ၊ မြေတိုင်းလုပ်ငန်း၊ ပထဝီမြေပြင်ဆိုင်ရာ သတင်းအချက်အလက်များအား သစ်တောဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးသုံးခုစလုံးမှ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်အချို့၏ လှူဒါန်းမှု၊ ဒေသခံများ၏ သိရှိနားလည်ကာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှု၊ ဒေသခံစောင့်ရှောက်ရေးအဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ပျူမြို့ဟောင်းများနှင့် ပတ်သက်၍ သုံးသပ်ဆုံးဖြတ်ကြသည့်အခါတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံအနက် ၁၇ နိုင်ငံက တစ်နိုင်ငံချင်းစီ ပျူမြို့ဟောင်းများနှင့်ပတ်သက်၍ မြန်မာတို့၏ ကြိုးပမ်းမှုဂုဏ်ပုဒ်များကို ဖော်ထုတ်ကာ ထောက်ခံဆွေးနွေးခဲ့ကြသည့်အတွက် ယခု (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ညီလာခံကြီးမှ အသိအမှတ်ပြုသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အစီအစဉ်အရ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အသိအမှတ်ပြုလွှာကို UNESCO ရုံးခွဲ (Myanmar) မှ Mr.Sandar Umar Alam က ပေးအပ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လက်ခံရယူသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သူ သရေခေတ္တရာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင် ဦးကျော်သူစိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က ကမ္ဘာ့အမွေအနှစ်အထိမ်းအမှတ် Logo ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အထိမ်းအမှတ် Logo ကျောက်တိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ သရေခေတ္တရာမြို့ဟောင်း၏ လုလင်ကျော်မြို့ဝင်ပေါက်အနီးတွင်လည်း ကမ္ဘာ့အမွေအနှစ်အထိမ်းအမှတ် Logo ကျောက်တိုင်များကို စိုက်ထူဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

### ❀ ကျောဖုံးမှ

ကိုရီးယားသမ္မတနိုင်ငံ၏ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွဲ့စည်းထားသည့် အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် KOFIH သည် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရေးဆွဲထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

KOFIH သည် မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ Saemaeul Complex Center ၌ ကျန်းမာရေးဆေးပေးခန်းနှင့် ဆေးပစ္စည်းကိရိယာများ တပ်ဆင်ဖွဲ့စည်းပေးခြင်း၊ မြို့နယ်ဆေးရုံသို့ ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ယခုနှစ်အတွင်းတွင် KOFIH အတိုင်ပင်ခံအဖွဲ့မှ ပြုပြင်ပြောင်းလဲမှုဆိုင်ရာလေ့လာမှုများ၊ စီမံကိန်းဆိုင်ရာဆွေးနွေးညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနနှင့် ဒီဇင်ဘာ ၈ ရက်တွင် နေပြည်တော်၌ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင် လုပ်ငန်းစတင်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"အခုလို ပူးပေါင်းဆောင်ရွက်မှုဟာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပြသတာဖြစ်ပါတယ်။ KOFIH ရဲ့ နိုင်ငံတကာမှာ လွန်ခဲ့တဲ့အတွေ့အကြုံကို ဖလှယ်နိုင်မှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး အခြေခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ပိုမိုတိုးတက်ကောင်းမွန်မှုတွေရရှိလာမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက ပြောသည်။

KOFIH အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ မြောက်ကိုရီးယားအပါအဝင် နိုင်ငံရပ်ခြားရှိ ကိုရီးယားလူမျိုးများနှင့် ကိုရီးယားနိုင်ငံသား ခံယူထားသည့် အလုပ်သမားများ၊ ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို အကောင်အထည်ဖော်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုကို သိမြင်စေရန် ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ KOFIH သည် သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အခြားနိုင်ငံများတွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့သော ဖောင်ဒေးရှင်းတစ်ခုဖြစ်သည်။

**(၀၀၁)**

# မြန်မာတက္ကသိုလ်ဘောလုံးအသင်း
## ကမ္ဘောဒီးယားတက္ကသိုလ်ဘောလုံးအသင်းကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၉**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ပါလီဘန်မြို့၌ ကျင်းပလျက်ရှိသည့် (၁၇)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့သည် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ ရေကူး၊ ကြက်တောင်၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် ဝူရှူး အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ဒီဇင်ဘာ ၈ ရက်တွင် စတင်ကျင်းပသော အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာတက္ကသိုလ်ဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားတက္ကသိုလ်ဘောလုံးအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြရာ မြန်မာတက္ကသိုလ်ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။

**(ခင်ချိုဝင်း)**

# အခြေခံဥပဒေပြင်ဆင်ရေး (၁၂)ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် အရေးကြီးအဆိုတင်သွင်း

## ယနေ့ကျင်းပမည့်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် အတည်ပြုနိုင်ရန် ဆွေးနွေးမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် (၁၂)ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ တစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြရန် တိုက်တွန်းသည့် အရေးကြီးအဆိုကို ဒီဇင်ဘာ ၉ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး၌ တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က တင်သွင်းခဲ့ကြောင်း သိရသည်။

အခြေခံဥပဒေပြင်ဆင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၌နိုဝင်ဘာ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးမြင့်ထွန်း တင်သွင်းသည့် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားအစုအဖွဲ့များမှလွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ပါဝင်သည့် (၆)ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် အဆိုကိုပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအစား အခြေခံတိုင်းရင်းသား ခုနစ်မျိုးအား ကိုယ်စားပြုသည့် ကိုယ်စားလှယ် ခုနစ်ဦးထားရှိရန် တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ယင်းတင်သွင်းသည့် အဆိုတွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် (၆)ပွင့်ဆိုင် ဆွေးနွေးရာ၌ ပါဝင်သည့် တိုင်းရင်းသားအစုအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးအစား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုကြီးများမှ ကိုယ်စားလှယ် တစ်ဦးစီပါဝင်စေမည့် (၁၂) ပွင့်ဆိုင် တွေ့ဆုံမှုပြုလုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ တစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြရန် တိုက်တွန်းသည်ကို အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က "ကျွန်တော့်အနေနဲ့ ကတော့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတာကို ကန့်ကွက်တာ တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုလေးလုပ်ရင် ပိုပြီးကောင်းမလားလို့ ဒီနေ့ အရေးကြီးအဆိုကို တင်သွင်းတာ။ ကျွန်တော့် အဆိုအပေါ် နည်းနည်းလေး ထည့်သွင်းစဉ်းစားရင်လည်း အကျိုးအမြတ် ရှိတာပေါ့။ ဒီလိုမှ မဟုတ်ရင်လည်း ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်က ဒီလိုစိတ်သဘောထားရှိတယ်ဆိုတာ သိသွားစေချင်တယ်။ ဒီလို (၁၂) ပွင့်ဆိုင်ပဲ ဖြစ်ဖြစ် တွေ့ဖြစ်သွားရင် တိုင်းပြည်အေးချမ်းဖို့အတွက် အထောက်အကူအများကြီး ဖြစ်လာနိုင်တယ်။ ကျွန်တော်တင်သွင်းတဲ့အဆိုက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာပဲ မှတ်တမ်းအဖြစ်ထားဖို့မဟုတ်ပါဘူး" ဟု ၎င်းတင်သွင်းခဲ့သော အဆိုနှင့် စပ်လျဉ်းပြီး မှတ်ချက်ပြုသည်။



ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်။

သတင်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

ဦးစောထွန်းအောင်မြင့် တင်သွင်းခဲ့သည့် အဆိုနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် အတည်ပြုနိုင်ရန် အတွက် ဆက်လက်ဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၂၆ ရက် နိုင်ငံရေးပါတီတွေနဲ့ သမ္မတ မတွေ့ဆုံခင်မှာ နိုင်ငံရေးပါတီ ၅၀ ကျော်က ခေါင်းဆောင်တွေ ကြိုတင်တွေ့ဆုံပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်ဖို့အတွက် ဆွေးနွေးခဲ့ကြတယ်။ အဲဒီမှာ တိုင်းရင်းသား ခေါင်းဆောင်တွေကလည်း all inclusive (အားလုံးပါဝင်ဖို့) စိတ်ထားရှိတယ်။ သမ္မတကြီး ကိုယ်တိုင်ကလည်း အားပေးပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက (၁၂) ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် တိုင်းရင်းသား ခေါင်းဆောင်များ၏ သဘောထားအပေါ် ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးအား ဒီဇင်ဘာ ၃ ရက်တွင် စတင်ကျင်းပခဲ့သည်။

# နိုင်ငံတကာရှိ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များမှ အကောင်းဆုံးစီးပွားရေးလုပ်ငန်းရှင်ဆုများ ရွေးချယ်ချီးမြှင့်မည်

အမေရိကန်ရှိစီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတကာရှိ စီးပွားရေး လုပ်ငန်းများတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီမှု စသည့် စံနှုန်းများကို အောင်အောင်မြင်မြင်ဖြင့် စံပြဖြစ်စေရန် လုပ်ဆောင်နိုင်ခဲ့သည့်အတွက် အကောင်းဆုံးစီးပွားရေးလုပ်ငန်းရှင်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းဆုများကို ၁၉၉၉ ခုနှစ်မှ စတင်ကာ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက် အကောင်းဆုံးအမေရိကန်စီးပွားရေးလုပ်ငန်းရှင်များကို ရွေးချယ်ရာတွင် အမေရိကန် သံတမန်အရာရှိများအနေဖြင့် နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော အမေရိကန် စီးပွားရေးကုမ္ပဏီ ၃၉ ခုအပေါ်တွင် အခြေခံထားရွေးချယ်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံး ဆန်ခါတင် လုပ်ငန်းများမှ လုပ်ငန်းရှင် ကိုးဦးအနက်မှ သုံးဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးဆန်ခါတင်လုပ်ငန်း ကိုးခုမှာ မြန်မာနိုင်ငံရှိ Chevron Corporation၊ ဖိလစ်ပိုင်ရှိ Coca-Cola ကုမ္ပဏီ၊ Togo ရှိ Contour Global၊ Nicaragua ရှိ Bamboo Group၊ တောင်အာဖရိကရှိ General Electric South Africa Technologies(Pty)Ltd.၊ Tunisia ရှိ General Electric၊ Oman ရှိ General Electric Glass Point Solar၊ တရုတ်နိုင်ငံရှိ The Linden Centre နှင့် Mongolia ရှိ Wagner Asia Equipment တို့ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကတ်သရင်းနိုဗလီက အကောင်းဆုံးဆုရရှိသူ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်း၌ ကျင်းပမည့် (၁၆) ကြိမ်မြောက် အကောင်းဆုံးစီးပွားရေးလုပ်ငန်းရှင်များ ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသူများကို ကြေညာပြီး ဆုများပေးအပ်မည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် သိရသည်။

**(ဟန်နီဝင်း)**



# ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံသားနှစ်ဦးအား ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံအစိုးရက ချီးမြှင့်သော The Order of the Rising Sun, Gold Rays with Rosette ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Tateshi HIGUCHI က မြန်မာ-ဂျပန်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်လာရေးအတွက် ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ အပါအဝင် ကဏ္ဍအသီးသီးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာ-ဂျပန် ပညာတော်သင်ဟောင်းများ အသင်း (MAJA) နာယက ဒေါက်တာခင်ရွှေနှင့် မြန်မာ-ဂျပန် ပညာတော်သင်ဟောင်းများအသင်းမှ Mr. Masafumi Sato တို့က ဂုဏ်ပြုစကား ပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi HIGUCHI က ဂျပန်နိုင်ငံအစိုးရက ချီးမြှင့်သည့် The Order of the Rising Sun, Gold Rays with Rosette ဆုကို ဒေါက်တာအောင်ကျော်နှင့် ဦးမြင့်ဝေတို့ထံ ပေးအပ်သည်။

ယင်းနောက် ဆုရရှိသူတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

The Order of the Rising Sun, Gold Rays with Rosette ဆုကို ဂျပန်နိုင်ငံအစိုးရက ၁၈၇၅ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံက ဒေါက်တာဘမော်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည်လည်း အဆိုပါဆုကိုရရှိခဲ့ကြောင်းနှင့် ယခုတစ်ကြိမ်တွင်လည်း မြန်မာနိုင်ငံမှ ဒေါက်တာအောင်ကျော်နှင့် ဦးမြင့်ဝေတို့က ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ-ဂျပန်ပညာတော်သင်ဟောင်းများအသင်း(MAJA)ကို ၂၀၀၁ ခုနှစ်တွင်စတင်ဖွဲ့စည်းပြီး ယခုအထိ အသင်းဝင်ပေါင်း ၁၅၀၀ ကျော်ခန့်ရှိပြီ ဖြစ်ကြောင်း၊ ဂျပန်၌ ပညာသင်ကြားပြီး အမိနိုင်ငံသို့ပြန်လည်ရောက်ရှိသူများသည် အဆိုပါ အသင်းသို့ ဝင်ရောက်နိုင်ကြောင်း သိရသည်။

သတင်း-ခင်ချိုဝင်း
ဓာတ်ပုံ- ရဲထွင်

# စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်များ ထပ်မံဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ စီမံချက်အား အရှိန်အဟုန်မြှင့်ဖမ်းဆီးလျက်ရှိပြီး စတုတ္ထရက်ဖြစ်သည့် ဒီဇင်ဘာ ၈ ရက် ည ၉ နာရီမှ ဒီဇင်ဘာ ၉ ရက် ၀၀ နာရီ ၃၀ မိနစ်ထိ ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာမောင်းနှင်နေသော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်များအား ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်မျိုးစုံ ကိုးစီးကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဒီဇင်ဘာ ၅ ရက်မှ ယနေ့အထိ စုစုပေါင်း ၆၁ စီး ဖမ်းဆီးရမိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၄၂ မှု (အလေးချိန် ၉၈ ဒသမ ၂၃၅၃ ကီလို)၊ ဘိန်းဖြူ ၂၃၀ မှု (အလေးချိန် ၇ ဒသမ ၁၈၇၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၁ မှု (၂၇၃ ဒသမ ၂၀၆ ပြား)၊ ဆူဒိုအက်ဖီဒရင်း ဆေးပြားတစ်မှု (၁၀၈၀၀၀၀ ပြား)၊ ဓာတုဆေးရည်တစ်မှု (၅၂၈ လစ်တာ)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် နှစ်မှု (အလေးချိန် ၆ ဒသမ ၆၀၁၁ ကီလို)၊ ဘိန်းဆီခဲ နှစ်မှု၊ (အလေးချိန် ၂ ဒသမ ၀၅၀၂ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၈ မှု၊ (အလေးချိန် ၄ ဒသမ ၇၁၅၈ ကီလို)၊ ဆေးခြောက်မှု ၂၀ (အလေးချိန် ၄၃ ဒသမ ၇၇၁၉ ကီလို)၊ အိုက်စ်လေးမှု အလေးချိန် (သုည ဒသမ ၁၄၄၄ ကီလို)၊ ဘိန်းညှိုခဲ တစ်မှု၊ (သုည ဒသမ ၆၅ ကီလို)၊ အက်ဖီဒရင်း (အလေးချိန် သုည ဒသမ ၀၂၁ ကီလို)၊ ဘိန်းရည် (သုည ဒသမ ၆ လစ်တာ)၊ ဒိုင်ယာဇီပမ်ထိုးဆေး လေးမှု (၇၃၁၀၀ ပြား)၊ အခြားတစ်မှု၊ မှတ်ပုံတင်ပျက်ကွက် ငါးမှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၆၂ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၆၇၈ ဦးနှင့် အမျိုးသမီး ၉၈ ဦး စုစုပေါင်း ၇၇၆ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**ပဲခူး ဒီဇင်ဘာ ၉**

ပဲခူးမြို့ အမှတ် (၃)နယ်မြေရဲစခန်း အပိုင်တွင် ဒီဇင်ဘာ ၃ ရက် ညနေ ၆ နာရီခန့်က နယ်ထိန်းခေါင်းဆောင် ရဲအုပ်လင်းအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကဝမြို့မရဲစခန်းမှ တရားခံပြေး နေအောင်အား ပဲခူးမြို့ အမှတ်(၈) ရပ်ကွက် နယ်မြေ(၂၄)(၁) လမ်းပေါ်တွင် KENBO-110 ခဲနက်ရောင် ဆိုင်ကယ်နှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိရဘဲ နေအိမ်အဆောက်အအုံတစ်ခုခုမှ ခိုးယူကြောင်း သံသယရှိသဖြင့် စခန်းသို့ခေါ်ယူစစ်ဆေးရာ ထိုင်းနိုင်ငံလုပ် ဆိုင်ကယ်တစ်စီးနှင့် တရုတ်နိုင်ငံလုပ် ဆိုင်ကယ် ၁၄ စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှတ်(၃)နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

# ဆိုင်ကယ်ခိုးပြီး ပြန်လာရာမှ ရဲနှင့်တည့်တည့်တိုး



**(ပဲခူးသား)**

◆ စာမျက်နှာ ၆ မှ

အမတ်လောင်းများ မဲဆွယ်ရာတွင် အသုံးပြုသည့် ငွေကြေးအများစုသည် ရုပ်သံလွှင့်ဌာနများနှင့် သတင်းစာများဆီကို ကြော်ငြာဝင်ငွေအနေနဲ့ ပြန်လည်ရောက်ရှိပြီး မဲဆွယ်ကြော်ငြာနဲ့သတင်းများကို ကွဲပြားအောင် ထုတ်လွှင့်ပေးရသည်။ ရုပ်သံလွှင့်ဌာနများနှင့် သတင်းစာများသည် ရွေးကောက်ပွဲများအား သတင်းအနေဖြင့် တင်ဆက်ပါက အမှန်ကန်ဆုံးဖြစ်အောင် တင်ဆက်ရပြီး နှစ်ဖက်သတင်း ထုတ်လွှင့်ချိန်မှအစပြု၍ မျှမျှတတဖြစ်အောင်ကြိုးစားရသည်။ ရွေးကောက်ပွဲကြော်ငြာနှင့် သတင်းတင်ဆက်ပုံကွဲခြားပုံကို ရာလေ(မြောက်ကယ်ရိုလိုင်းနား)ရှိ ရုပ်သံလွှင့်ဌာန WRAL-TV/WRAL.com ၏ Capitol Bureau Chief ဖြစ်သူ Ms. Laura Leslie က ရှင်းပြထားသည်။

**အမေရိကန်သတင်းသမားနှင့် မီဒီယာကျင့်ဝတ်**

**အမေရိကန်သတင်းသမားများသည် သတင်းရေးသားတင်ဆက်ထုတ်လွှင့်ရာ၌ အမှန်ကိုရှာဖွေဖော်ထုတ်ပြီး သတင်းတင်ပြခြင်း(Seek Truth and Report it)၊ ထိခိုက်နစ်နာစေမှုကို လျှော့ချခြင်း (Minimize Harm)၊ အမှီခိုကင်းကင်းဖြင့် လွတ်လပ်စွာရေးသားခြင်း (Act Independently) နှင့် တာဝန်ခံမှုရှိခြင်း (Be Accountable)ဟူသည့် ကျင့်ဝတ်(၄)ရပ်ကို လိုက်နာကြရသည်။**

အမေရိကန်သတင်းသမားများ၏ ကိုယ်ပိုင်ဖေ့စ်ဘွတ်နှင့် တွစ်တာတို့ကဲ့သို့ လူမှုကွန်ရက်မီဒီယာများပေါ်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်ရေး ခံစားချက်ရေးသားမှုများအား လုံးဝပြုလုပ်ခြင်းမပြုရန် ယင်းတို့နှင့်သက်ဆိုင်သည့် မီဒီယာများမှ စည်းကမ်းချက်များ ထုတ်ပြန်ကာ ကန့်သတ်ထားသည်။

ရွေးကောက်ပွဲ နီးကပ်လာချိန်၌ သတင်းသမားတို့ ပါတီတစ်ခုခုနှင့် နီးကပ်စွာဆက်ဆံမှုကိုလည်း တင်းကျပ်စွာတားမြစ်၍ ထိုကဲ့သို့သောအပြုမူများသည် သတင်းမီဒီယာများအပေါ် ပြည်သူလူထု၏ယုံကြည်မှုကို ကျဆင်းစေနိုင်သောကြောင့် တားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ် သတင်းများကို အထူးပြုရေးသားဖော်ပြသည့် ရာလေ(မြောက်ကယ်ရိုလိုင်းနား)ရှိ The News & Observer သတင်းစာတိုက်တွင်မူ သတင်းထောက်များသည် မဲဆွယ်စည်းရုံးပွဲတွင် မပါဝင်ရ၊ လူအများရှေ့၌ မိမိထောက်ခံသော နိုင်ငံရေးသမားနှင့် ပါတီအမည်ကို မပြောဆိုရ၊ နိုင်ငံရေးသမားထံမှ လက်ဆောင်ယူခြင်း မပြုလုပ်ရ၊ သတင်းထောက်အဖြစ်မှ နိုင်ငံရေးပါတီတစ်ခုအတွင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ပြီးနောက် သတင်းစာတိုက်၌ သတင်းထောက်အဖြစ် ပြန်လည်လုပ်ကိုင်ခြင်းမပြုရ အစရှိသည့် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်ကို တွေ့ရှိခဲ့ရသည်။

ဒီမိုကရေစီစနစ် ရှင်သန်ရင့်ကျက်မှုရှိပြီးဖြစ်သည့် အမေရိကန်နိုင်ငံ၌ပင် လွှမ်းမိုးမှုကင်းပြီး သီးခြားရပ်တည်နိုင်သည့်အခွင့်အရေးသည် သတင်းသမားအတွက် အကြီးဆုံး စိန်ခေါ်မှုတစ်ခုဖြစ်နေဆဲပင် ဖြစ်သည်။ **ပွင့်လင်းလွတ်လပ်သည့် ဒီမိုကရေစီလူ့ဘောင်၌ သတင်းမီဒီယာသမားများသည် စည်းမျဉ်းလိုက်နာရုံသာမက ကျင့်ဝတ်ကိုပါစောင့်ထိန်းရန်လိုအပ်**သည်။ သတင်းသမားတို့၏ ကိုယ်ပိုင်ယုံကြည်ချက်နှင့် ကျင့်ဝတ်အကြား၌ လွန်ဆွဲမှုများ ရှိလာနိုင်သည်ကို နိုင်ငံတကာသတင်းစာဆရာအဖွဲ့ ICFJ ၏ ဒုတိယဥက္ကဋ္ဌ Patrick Butler က သင်တန်းပို့ချချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

**"သတင်းထောက် တစ်ယောက်အတွက် ယုံကြည်ရမှုဟာ အသက်ပဲ။ ကိုယ့်အပေါ်မှာ လူတွေရဲ့ ယုံကြည်မှုကျဆင်းရင် အဲဒီသတင်းထောက်ဟာ အသက်သေတာနဲ့ အတူတူပဲ"**

[Luis Manuel Batello (Senior Director-ICFJ)]

**သတင်းမီဒီယာသမားတွေက ရွေးကောက်ပွဲမှာ ဘာတွေကို သတင်းယူကြလဲ**

သတင်းမီဒီယာများ၏ သတင်းရယူပုံသည် ယခင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် ယခု ကျင်းပခဲ့သည့်ကြားကာလရွေးကောက်ပွဲအကြား သိသိသာသာ ကွဲပြားလာသည်။ ယခင်က သတင်းသမားများသည် ရွေးကောက်ပွဲအတွက် မဲဆွယ်သည့်ပွဲများတွင် ယှဉ်ပြိုင်မည့်အမတ်လောင်း၏ ပြောစကားများကိုသာ လိုက်ပါနားထောင် သတင်းယူကြသည်။ ယခုမူ ငွေကြေးပုံအောသုံးစွဲခွင့်ရလာသည့် အမတ်လောင်းများသည် ရုပ်မြင်သံကြားမှတစ်ဆင့် မဲဆွယ်ကြော်ငြာထုတ်လွှင့်မှုကို ပိုမိုအလေးထားလာကာ ပြင်ပတွင် ဟောပြောမဲဆွယ်ပြုလုပ်မှုများ နည်းပါးလာသည်။ သတင်းမီဒီယာများသည်လည်း အမတ်လောင်းများ၏ ပြောစကားများထက် ပြည်သူများသိချင်သည့် အကြောင်းအရာများကို ဦးစားပေးတင်ဆက်သည့် အရေးအသားပုံစံသစ်ဖြင့် ရွေးကောက်ပွဲသတင်းများကို ရေးသားထုတ်လွှင့်လာကြသည်။ ဥပမာ- အခွန်ကိစ္စ၊ ဆင်းရဲသားကိစ္စ၊ လူလတ်တန်းစားများ ဝင်ငွေနည်းလာတဲ့ ကိစ္စရပ်များကို ဦးစားပေးရေးသားလာကြသည်။

The News & Observer သတင်းစာ၏ နိုင်ငံရေးသတင်းထောက် Mr. Rob Christensen က "သတင်းထောက်တာဝန်က ရွေးကောက်ခံသူအကြောင်းကို စာဖတ်သူထံ တင်ပြဖို့။ ဒီလူတွေက ဘယ်သူတွေလဲ။ သူတို့ရဲ့ နောက်ခံသမိုင်းနဲ့ အမူအကျင့်တွေကိုသိဖို့လိုတယ်။ နိုင်ငံရေးခံယူချက်တွေ ဘယ်လိုရှိလဲ။ လုပ်ဖော်ကိုင်ဖက်တွေက ဘယ်လိုမြင်လဲ။ သူတို့က အကျင့်သိက္ခာရှိတဲ့ လူတွေလား။ သူတို့ကို ဘယ်သူတွေက ထောက်ခံနေလဲ။ မဲဆွယ်ဖို့ ဘယ်သူတွေက ငွေထောက်ပံ့နေလဲ။ TV မှာ ထုတ်လွှင့်တဲ့ မဲဆွယ်ကြော်ငြာမှာ ဒါတွေကို တွေ့နိုင်မှာ မဟုတ်ဘူး။ သတင်းထောက်တွေရဲ့အလုပ်က အမတ်လောင်းတွေရဲ့ နောက်ခံအကြောင်းကိုပါ ဖော်ပြဖို့ တာဝန်ရှိလာတယ်" ဟု ၎င်းတို့သတင်းဌာနမှ ဦးစားပေးသတင်းရယူသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြောပြသည်။

**စက္ကန့်သာသူ အနိုင်ယူသည့် အမေရိကန်မီဒီယာလောက**

**"ကိုယ့်မီဒီယာက ရွေးကောက်ပွဲရလဒ် တရားဝင်ကြေညာချိန်နဲ့ စက္ကန့် ၃၀ ပဲခြားပြီးသတင်းကို အွန်လိုင်းပေါ်တင်နိုင်တယ်။ ဒါဟာ ဂူးဂဲလ်မှာစာဖတ်သူက ဝင်ရှာရင် ထိပ်ဆုံးမှာ ကိုယ့်သတင်းဖြစ်နေအောင် နေရာဦးလိုက်တာပေါ့။ ၄၅ မိနစ်အတွင်းမှာ သတင်း ၆ ပုဒ် ချိတ်ဆက်ပြီး အွန်လိုင်းတင်ပေးခဲ့တယ်။"**

JR Ball (Managing Editor, NOLA.com)

အမေရိကန်နိုင်ငံ၌ ပြည်သူတို့၏ သတင်းစာဖတ်ရှုသည့်ပုံစံပြောင်းလဲလာ၍ သတင်းမီဒီယာများသည် ယင်းတို့၏ သတင်းတင်ဆက်မှုပုံစံကိုပါ လိုက်ပါပြောင်းလဲခဲ့ရသည်။ ၎င်းတို့မီဒီယာမှတင်ဆက်သော သတင်းများသည် ဂူးဂဲလ်၏ အင်တာနက်စာမျက်နှာတွင် ထိပ်ဆုံးမှ နေရာယူနိုင်ရန် ကြိုးပမ်းလာရသည်။ Nola.com မီဒီယာ၏စစ်တမ်းများအရ အွန်လိုင်းမှတစ်ဆင့် သတင်းဖတ်ရှုသူများ၏ ၇၀ ရာခိုင်နှုန်းသည် မိုဘိုင်းလ်ဖုန်းများမှဖတ်ရှုပြီး ၃၀ ရာခိုင်နှုန်းမှာ ကွန်ပျူတာမှတစ်ဆင့် ဖတ်ရှုကြကြောင်း သိရသည်။

ထို့ကြောင့် အမေရိကန် ပုံနှိပ်မီဒီယာများသည် ၎င်းတို့၏ သတင်းများကို အွန်လိုင်းသတင်းအဖြစ် ဦးစွာဖော်ပြပြီးမှ သတင်းစာရိုက်နှိပ်ထုတ်ဝေသည်။ သတင်းစာရောင်းအားကျဆင်းလာသော်လည်း အွန်လိုင်းကြော်ငြာဝင်ငွေဖြင့် ရပ်တည်နိုင်ရန် ကြိုးပမ်းကြသည်။ အွန်လိုင်းမီဒီယာထွန်းကားလာသည်နှင့်အမျှ ကြိုတင်ပြင်ဆင်မှုနှင့် သတင်းလျင်မြန်စွာတင်ဆက်နိုင်ရေးသည် အရေးပါလာသည်။ ယခင်က ပုံနှိပ်သတင်းများ ရေးသားရာတွင် သတင်းထောက်တစ်ဦးတည်းကသာ တာဝန်ယူရေးသားသည့်ပုံစံမှ ယခုမူ အချိန်နှင့်အမျှ ပြိုင်ဆိုင်နေရသည့် အွန်လိုင်းသတင်းတင်ဆက်မှုကြောင့် အစုအဖွဲ့လိုက် ရေးသားသည့်ပုံစံမျိုးဖြင့် သတင်းတင်ဆက်သည့်အသွင်ကို ကူးပြောင်းလိုက်ကြသည်။

သတင်းထောက်များသည် အင်တာနက်ချိတ်ဆက်ထားသည့် ကွန်ပျူတာနှင့် ဖုန်းများကိုအသုံးပြု၍ သတင်းရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ပြီး ၎င်းတို့၏ သတင်းဓာတ်ပုံများကို အယ်ဒီတာများထံ အချိန်တိုအတွင်း ပေးပို့လာကြသည်။

**ရွေးကောက်ပွဲများအတွက် သတင်းမီဒီယာဆိုသည်မှာ**

နိုင်ငံတကာစံနှုန်းများအရ ဒီမိုကရေစီ အစိုးရတစ်ရပ် ခိုင်ခိုင်မာမာပေါ်ပေါက်ရေးသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများအပေါ် အဓိကတည်မှီနေသည်။ ရွေးကောက်ပွဲများ တရားမျှတမှုရှိရန်အတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ပြည့်စုံမှန်ကန်မှု ရှိ မရှိ၊ လွတ်လပ်စွာ မဲပေးခွင့် ရှိ မရှိ၊ မဲရေတွက်မှု မှန်ကန်မှု ရှိ မရှိ၊ ရွေးကောက်ပွဲရလဒ်များ မှန်ကန်မှု ရှိ မရှိကို လေ့လာစောင့်ကြည့်ရန် လိုအပ်သည်။ ထို့အတူ **ရွေးကောက်ပွဲဝင်မည့် အမတ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ အမှန်တကယ်ပုံရိပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီရရှိစေပြီး မှန်ကန်စွာ ဆုံးဖြတ်မဲပေးနိုင်ရန်အတွက် အကူအညီပေးရန်၊ ရွေးကောက်ပွဲများအား ပြည်သူများ ယုံကြည်သက်ဝင်စေရန် လိုအပ်ပေသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာသတင်းမီဒီယာများအား စစ်ဆေးမှုတစ်ခုအသွင်ဖြင့် စောင့်ကြိုနေပေလိမ့်မည်။ ။**

# အနွေးထည်နှင့် ကျောင်းသုံးစာရေးကိရိယာများလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာန ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းတင် ဦးဆောင်၍ ဒီဇင်ဘာ ၉ ရက်က ပျဉ်းမနားမြို့ ရတနာမှန်ကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် အမှတ်(၆) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ဆင်းရဲချို့တဲ့သော ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၀ အား ဆောင်းရာသီအအေးဒဏ်မှ ကာကွယ်နိုင်ရန်အတွက် အနွေးထည်များ၊ အာဟာရဖွံ့ဖြိုးမှုရှိစေရန်အတွက် နေ့လယ်စာထမင်းနှင့် ဟင်း၊ ရေခဲမုန့်၊ သကြားလုံး၊ နွားနို့၊ ငှက်ပျောသီးများ ကျွေးမွေးခြင်းတို့အပြင် ကျောင်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ဗလာစာအုပ်၊ ခဲတံ၊ လွယ်အိတ်များ၊ ကျောက်သင်ပုန်း၊ မြေဖြူ၊ အားကစားပစ္စည်းကိရိယာ မျိုးစုံနှင့် ဆေးဝါးမျိုးစုံတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။**(ယာပုံ)**

ထို့အပြင် ရတနာမှန်ကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အပါအဝင် သံဃာနှင့် ကိုရင် ၁၅ ပါးကိုလည်း နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နဝကမ္မ အလှူတော်ငွေများကို လှူဒါန်းခဲ့သည်။ **(လှသီတာလင်း)**



**မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း**

**၁၀-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)**

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၈း၀၆ | မွေးမြူသုတ | ၄း၅၅ | ရှေးဟောင်းသုတ |
| ၈း၃၅ | ဇာတ်လမ်းတို | ၅း၂၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အပြောင်းအလဲ" (အပိုင်း- ၃၃) |
| ၉း၀၀ | စာပေအလင်းစာပေသတင်း | | |
| ၄း၁၅ | လျှပ်တစ်ပြက် | | |





# မယ်စကြဝဠာများ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၉**

Miss Universe Myanmar Organization စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ Central Hotel ပတ္တမြားခန်းမ၌ ပြုလုပ်ခဲ့သည်။ပွဲပြုလုပ်ရခြင်းမှာ ၂၀၁၃ မယ်စကြဝဠာ မြန်မာအလှမယ်များ၏ လတ်တလောလှုပ်ရှားဆောင်ရွက်နေမှုအခြေအနေများ၊၂၀၁၄ နိုင်ငံတကာ မယ်စကြဝဠာပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် သျှားထွဋ်အိန္ဒြာ၏ ပြင်ဆင်မှုများ၊၂၀၁၅ခုနှစ် မယ်စကြဝဠာမြန်မာရွေးချယ်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုများ အစရှိသည့် အကြောင်းအရာများနှင့် ပတ်သက်၍ မီဒီယာများမှတစ်ဆင့် အများပြည်သူတို့ သိရှိရန် စာနယ်ဇင်းရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်ဟု သိရသည်။

"ကျွန်မတို့အနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်အောင်၊ ပိုပြီးတော့ကျယ်ပြန့်အောင် အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။ ၂၀၁၃ တုန်းက မိုးစက်ဝိုင်လို အလှမယ်မျိုး အကောင်းဆုံး ပေါ်ထွက်လာနိုင်ခဲ့တယ်။ အခု ၂၀၁၄ အတွက်ကိုလည်း သျှားထွဋ်ကို လိုအပ်တဲ့အကူအညီ၊ ပံ့ပိုးမှုတွေကအစ အစစအရာရာ ပြင်ဆင်ထားတယ်။ ပြိုင်ပွဲက အမေရိကန်နိုင်ငံ မီယာမီကမ်းခြေမှာ ဇန်နဝါရီ ၂၄ ရက်နေ့ ည ၈ နာရီမှာ ပြုလုပ်မှာပါ။သျှားထွဋ်ဘက်ကလည်း အားတက်သရောရှိတယ်၊ ပြီးတော့အတတ်နိုင်ဆုံးလည်းကြိုးစားထားတယ်ဆိုတော့ တစ်နှစ်ထက်တစ်နှစ်တော့ အကောင်းဆုံးကို မျှော်လင့်ပြီး ကြိုးစားနေမှာပါ။ ပြီးတော့ ၂၀၁၅ မှာလည်း ဒီထက်မက ပိုပြီးကျယ်ပြန့်အောင် မြန်မာနိုင်ငံတစ်ဝန်း မြို့အသီးသီးမှာရှိတဲ့ အလှမယ်တွေလည်း ပါဝင်ခွင့်ရအောင် မြို့တွေမြို့တွေမှာ ဒါရိုက်တာတွေတစ်ဆင့်ပြန်လည်ခန့်အပ်ပြီး သူတို့တွေကနေ စိစစ်ရွေးချယ်ပြီးတော့ လုပ်သွားဖို့စီစဉ်ထားပါတယ်။ဒီလိုလေး လုပ်ဖြစ်သွားတာက နယ်မှာရှိတဲ့ အလှမယ်တွေ ပြိုင်ပွဲဝင်ဖို့ စီစဉ်ပေးမယ့်သူ၊ ယုံကြည်ရတဲ့ မြို့မိ၊ မြို့ဖ သဘောမျိုးရှိတဲ့အခါကျတော့ လွှတ်ရတဲ့မိဘတွေအနေနဲ့လည်း ပိုပြီးတော့ယုံကြည်စိတ်ချမှုရှိတာပေါ့။ တကယ့်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးငယ်တွေအကုန်လုံးလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင်လို့ စီစဉ်ဖြစ်သွားတာပါ" ဟု မြန်မာအော်ဂနိုက်ဖေးရှင်း ဒါရိုက်တာ ဒေါ်စောယုဝေက ပြောသည်။

"ညီမနဲ့ညီမအဖွဲ့အစည်းကြားမှာ နားလည်မှုအပြည့်ရှိပါတယ်။အစ်မတို့ဘက်ကလည်း အကြောင်းအရင်းတစ်ခုချင်းစီကို သေချာ ညီမနဲ့တိုင်ပင်ပြီးမှ အတိအကျလုပ်ပေးတဲ့အတွက် နားလည်မှုလွဲစရာ မရှိပါဘူး။ အစ်မမိုးစက်ဝိုင်ကလည်း လိုအပ်ချက်တွေမရှိအောင် သေချာသင်ကြားပြသပေးပါတယ်။အဓိကကတော့ အလှအပပိုင်းဆိုင်ရာ ယှဉ်ပြိုင်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်ပိုင်းဆိုင်ရာရော ခန္ဓာကိုယ်တည်ဆောက်မှုအပိုင်းပါ အများကြီးလုပ်ဖြစ်တယ်။ဘာသာစကားအနေနဲ့ကတော့ မိခင်ဘာသာစကားမဟုတ်တဲ့အတွက် နည်းနည်းတော့ အခက်အခဲရှိပါတယ်။ဒါပေမယ့် နိုင်ငံတကာနဲ့ယှဉ်ပြီးတော့ ပြောနိုင်လိမ့်မယ်လို့တော့ကိုယ့်ကိုယ်ကိုယ်ယုံကြည်ထားပါတယ်။ ရေကူးဝတ်စုံကတော့ မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ ခက်ခဲပါတယ်။ ဒါပေမယ့်လည်း ကိုယ့်နိုင်ငံအတွက် အကောင်းဆုံးယှဉ်ပြိုင်မယ်ဆိုတဲ့စိတ်ပဲထားပါတယ်။ ပြိုင်ပွဲမှာဝတ်ဆင်မယ့် နိုင်ငံကိုယ်စားပြုဝတ်စုံကိုတော့ ပျူခေတ်က ပန်တျာဘုရင်မဝတ်စုံကို မပံ့က ဖန်တီးပေးထားတာပါ။ညနေခင်းဝတ်စုံကတော့ ကိုပြည်စိုးအောင်ပါ၊ ပြိုင်ပွဲကာလတစ်လျှောက်ဝတ်စုံတွေကိုတော့ ကိုငြိမ်းက တာဝန်ယူချုပ်လုပ်ပေးမှာပါ။ ညီမက မိတ်ကပ်ဖန်တီးရတာ ဝါသနာပါတော့ ကိုယ့်ဘာသာကိုယ်ပဲ ပြင်ဆင်ဖြစ်မှာပါ။နိုင်ငံတကာနဲ့ ယှဉ်ရင် ညီမတို့နိုင်ငံက ယဉ်ကျေးမှုကို ဘယ်သူမှမမီသေးပါဘူး။ ညီမတို့နိုင်ငံက ယဉ်ကျေးမှုကို အစဉ်အဆက်ထိန်းသိမ်းလာခဲ့တာ ဒီနေ့ဒီအချိန်ထိပေါ့။ညီမတို့နိုင်ငံက ယဉ်ကျေးမှုကို နိုင်ငံတကာသိအောင် ပြချင်တယ်။ညီမအနေနဲ့ ကိုယ့်မြန်မာနိုင်ငံအတွက် ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရတာဆိုတော့အရမ်းလည်းဂုဏ်ယူမိပါတယ်။ညီမနိုင်ငံအတွက် သရဖူရဖို့အထိ မှန်းထားပါတယ်။ နိုင်ငံကိုယ်စားပြုဝတ်စုံဆုကိုလည်း ရမယ်လို့ယုံကြည်မိပါတယ်။ ညီမအိပ်မက်လို့ပဲ ပြောပြောပေါ့။ အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်သွားမှာပါ"ဟု ၂၀၁၄ နိုင်ငံတကာမယ်စကြဝဠာပြိုင်ပွဲဝင် သျှားထွဋ် အိန္ဒြာက ပြောသည်။

"နိုင်ငံတကာ အလှမယ်ပြိုင်ပွဲဖြစ်နေတော့ အစ်မကအေဒီ ၂ ရာစု ပျူခေတ်ကမြန်မာနိုင်ငံရဲ့ ပထမဆုံးကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားတာဆိုတော့ အဲဒါလေးအတွက်လည်းအမှတ်တရဖြစ်စေချင်တာရယ်၊ ပျူလူမျိုးတွေရဲ့တစ်ဦးတည်းသော ပန်တျာဘုရင်မ စစ်တိုက်ရင်တောင် ကိုယ်တိုင်ဝင်တိုက်ခဲ့တဲ့ ထက်မြက်တဲ့ဘုရင်မတစ်ပါးရှိခဲ့တယ်ဆိုတာကို နိုင်ငံတကာက သိအောင်ပါ။ သျှားထွဋ်ကို ပန်တျာဘုရင်မရဲ့စစ်တိုက်ဟန်ဝတ်စုံကို ပျူခေတ်မှာ တွင်တွင်ကျယ်ကျယ် အသုံးပြုတဲ့ ကြေးသားကို မြန်မာကနုတ်လက်ရာများ အနုစိတ်ထွင်းထားတယ်။ ပြီးတော့ မြန်မာ့တွင်းထွက်ကျောက်အစစ်တွေနဲ့ အလှဆင်ထားတော့ အစ်မအနေနဲ့တန်ဖိုးကြီးတဲ့ဝတ်စုံတစ်ခုပါ"ဟု ဒီဇိုင်နာ မပံ့က ပြောသည်။

မယ်စကြဝဠာ ၂၀၁၃ မြန်မာဆုရှင် မိုးစက်ဝိုင်၊ အေးချမ်းမိုး၊မြတ်နှင်းဖြူ၊ ၂၀၁၄ မယ်စကြဝဠာဆုရှင် သျှားထွဋ်အိန္ဒြာ၊ ယွန်းမှီမှီကျော်၊ ရွှေစင်ကိုကိုတို့က လတ်တလောလှုပ်ရှားနေသည့် အနုပညာဆောင်ရွက်နေမှုများနှင့် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းဆောင်ရွက်နေမှုများ၏ အောင်မြင်မှုမှတ်တိုင်များကို မီဒီယာ အသီးသီးမှတစ်ဆင့် ပြည်သူများသိရှိစေနိုင်ရန် ရှင်းလင်းတင်ပြသွားကြသည်။

**(ခင်ဇာလီ)**

# တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့များတွင် ဓာတ်အားဖြန့်ဖြူးထားရှိမှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း မြို့အရေအတွက် | ဓာတ်အား စနစ်ဖြင့် မီးလင်းပြီးမြို့ | မီးစက်/အခြား နည်းလမ်းများဖြင့် မီးလင်းပြီးမြို့ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၂၉ | ၁၀ | ၁၉ | ၂၀၁၅ တွင် ၂ မြို့ ဓာတ် အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၂။ | ကယားပြည်နယ် | ၈ | ၅ | ၃ | ၂၀၁၅-၂၀၁၆တွင်၂ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၃။ | ကရင်ပြည်နယ် | ၁၈ | ၄ | ၁၄ | ၂၀၁၅-၂၀၁၆ တွင်၅ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၄။ | ချင်းပြည်နယ် | ၁၃ | ၁ | ၁၂ | ၂၀၁၅-၂၀၁၆တွင်၂ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၅။ | မွန်ပြည်နယ် | ၁၃ | ၉ | ၄ | ၂၀၁၅-၂၀၁၆တွင် ၁ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၆။ | ရခိုင်ပြည်နယ် | ၂၀ | ၈ | ၁၂ | ၂၀၁၅-၂၀၁၆တွင် ၈မြို့ ဓာတ်အား စနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၇။ | ရှမ်းပြည်နယ် | ၈၄ | ၄၁ | ၄၃ | ၂၀၁၅-၂၀၁၆တွင်၇ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၆ | ၂၇ | ၁၉ | ၂၀၁၅-၂၀၁၆တွင်၄ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၂၈ | ၂၇ | ၁ | ၂၀၁၅-၂၀၁၆တွင်၁ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး | ၃၃ | ၃၃ | ၀ | |
| ၁၁။ | မကွေးတိုင်းဒေသကြီး | ၂၇ | ၂၂ | ၅ | ၂၀၁၅-၂၀၁၆တွင်၂ မြို့ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါမည်။ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ၁၆ | - | ၁၆ | ၂၀၁၅-၂၀၁၆တွင်၁ မြို့ Gas အင်ဂျင်ဖြင့် ဓာတ်အားရရှိပါမည်။ |
| ၁၃။ | နေပြည်တော် | ၈ | ၈ | - | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄ | ၂၈ | ၆ | |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီး | ၂၁ | ၂၀ | ၁ | |
| | စုစုပေါင်း | ၃၉၈ | ၂၄၃ | ၁၅၅ | |

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် EU မှ Mr.David Hamilton တို့ ပါဝင်သော စက်ဘီးလှည့်ကင်းအဖွဲ့ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်ဆောင်ရွက်၊ ပြည်သူများနှင့် တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၈ ရက် ည ၁၀ နာရီ ၁၅ မိနစ်မှ ၉ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ အထိ ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်ဆောင်ရွက်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၅ ဦးသည် EU မှ Mr.David Hamilton နှင့်အတူ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ပိတောက်ချောင်းရှိ သီရိမင်္ဂလာဈေး(ဝဲပုံ)တို့တွင် စက်ဘီးလှည့်ကင်းများဖြင့် နယ်မြေလှည့်ကင်းဆောင်ရွက်ခဲ့သည်။



ရဲမှူးကြီးဝင်းနိုင် ဦးစီးသော စက်ဘီးလှည့်ကင်းအဖွဲ့သည် ရောက်ရှိသော မြို့နယ်များရှိ ပြည်သူများနှင့် တွေ့ဆုံ၍ ရဲတပ်ဖွဲ့မှ နယ်မြေအတွင်း လုံခြုံမှုရှိစေရန် လှည့်ကင်းဆောင်ရွက်လျက်ရှိကြောင်း၊ အခက်အခဲပြဿနာများရှိပါက ရဲတပ်ဖွဲ့သို့ အကူအညီတောင်းခံနိုင်ကြောင်း ရှင်းနှီးပွင့်လင်းစွာ တွေ့ဆုံမှာကြားခဲ့သည်။

ထို့ပြင် စက်ဘီးလှည့်ကင်းအဖွဲ့သည် လှိုင်မြို့နယ် ပိတောက်ချောင်း သီရိမင်္ဂလာဈေးသို့ ရောက်ရှိပြီး ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုံခြုံရေးဆောင်ရွက်ရန် လှည့်ကင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဈေးအတွင်း၌ အုပ်စုဖွဲ့ဗိုလ်ကျအနိုင်ကျင့်မှုများ၊ ဒုစရိုက်မှုများပြုလုပ်နေကြောင်းသတင်း ရရှိပါက ရဲစခန်းသို့ သတင်းပေးပို့ရန် မှာကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ဝန်ဆောင်မှု အပြည့်အဝ ပေးနိုင်ရေးအတွက် နယ်မြေအတွင်း ပြည်သူလူထုနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဓာတ်အားစနစ်မှ ဓာတ်အားဖြင့် မီးလင်းပြီးသော မြို့နှင့် မီးလင်းရန်ကျန်ရှိသောမြို့များစာရင်း

| စဉ် | ဓာတ်အားစနစ်မှ<br>မီးလင်းပြီးမြို့အမည် | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန်မြို့အမည် |
|---|---|---|
| ၁ | ကချင်ပြည်နယ်<br>ဓာတ်အားစနစ်မှမီးလင်းပြီး ၁၀ မြို့<br>- မြစ်ကြီးနား၊ ကာမိုင်း၊ မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း၊ မိုးမောက်၊ ဗန်းမော်၊ ရွှေကူ၊ မံစီ၊ ချီဖွေ | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၁၉ မြို့<br>- ဒေါ့ဖုန်းယန်၊ ဖားကန့် မြို့များအား ၂၀၁၄-၂၀၁၅ ဆောင်ရွက်ဆဲဖြစ်ပါသည်။<br>- ဆင်ဘို၊ ဝိုင်းမော်၊ ဆဒုံး၊ ကန်ပိုက်တီး၊ အင်ဂျန်းယန်၊ တနိုင်း၊ ရှင်ဗွေယန်၊ နောင်မွန်း၊ ပန်ဝါ၊ ဆော့လော်၊ ပန်နန်းဒင်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ခေါင်လန်ဖူး၊ မြို့လှ၊ လွယ်ဂျယ် |
| ၂ | ကယားပြည်နယ်<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ငါးမြို့<br>- လွိုင်ကော်၊ ဒီမောဆို၊ ဖရူးဆို၊ ဘော်လခဲ၊ ဖားဆောင်း | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် သုံးမြို့<br>- ရှားတော(၃/၂၀၁၅ မီးလင်း)၊ ရွာသစ်(၂/၂၀၁၅ မီးလင်း)<br>- မဲ့စဲ |
| ၃ | ကရင်ပြည်နယ်<br>ဓာတ်အားစနစ်မှ မီးလင်းပြီးလေးမြို့<br>- ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်၊ သံတောင်ကြီး | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၁၄ မြို့<br>- ဘောဂလိမြို့အား ၂၀၁၄-၂၀၁၅ တွင် ဆောင်ရွက်လျက်ရှိပါသည်။<br>- လိပ်သို၊ ကော့ကရိတ်၊ မြဝတီ၊ မြိုင်ကြီးငူမြို့များအား ၂၀၁၅-၂၀၁၆ လျာထားပါသည်။<br>- ကျုံဒိုး၊ ဘုရားသုံးဆူ၊ စုကလိ၊ ဝေါလေမြိုင်၊ ပိုင်ကျုံ၊ ဖာပွန်၊ ကမာမောင်း၊ ကျိုက်ဒုံ၊ ကြာအင်းဆိပ်ကြီး |
| ၄ | ချင်းပြည်နယ်<br>ဓာတ်အားစနစ်မှ မီးလင်းပြီး တစ်မြို့<br>- ဟားခါး | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၁၂ မြို့<br>- မင်းတပ်(၂၀၁၄-၂၀၁၅ လျာထား)၊ ဖလမ်း(၂၀၁၅-၂၀၁၆ လျာထား)၊<br>- ရိခေါဒါရ်၊ ဆမီး၊ ထန်တလန်၊ တီးတိန်၊ ကျီခါး၊ မတူပီ၊ ရေဇွာ၊ ကန်ပက်လက်၊ ပလက်ဝ၊ တွန်းဇံ |
| ၅ | မွန်ပြည်နယ်<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ကိုးမြို့<br>- မော်လမြိုင်၊ ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထို၊ မုဒုံ၊ ကျိုက်မရော၊ ကျိုက္ခမီ၊ သံဖြူဇရပ် | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် လေးမြို့<br>- ချောင်းဆုံ ၂၀၁၅-၂၀၁၆ လျာထားပါသည်။<br>- ရေး၊ ခေါဇာ၊ လမိုင်း |
| ၆ | ရခိုင်ပြည်နယ်<br>ဓာတ်အားစနစ်မှ<br>မီးလင်းပြီး ရှစ်မြို့<br>- စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ အမ်း၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၁၂ မြို့<br>- မင်းပြား၊ မြေပုံမြို့များအား ၂၀၁၄-၂၀၁၅ ဆောင်ရွက်ဆဲဖြစ်ပါသည်။<br>- မအီ၊ ရမ်းဗြဲ၊ ပေါက်တော၊ ရသေ့တောင်၊ တောင်ပြိုလက်ဝဲ၊ ဘူးသီးတောင်၊ ဂွ၊ မောင်တောမြို့များအား ၂၀၁၅-၂၀၁၆ တွင် လျာထားပါသည်။<br>- ကျောက်ဖြူ၊ မာန်အောင် |
| ၇ | ရှမ်းပြည်နယ်<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၄၁ မြို့<br>- ကျောက်မဲ၊ နမ္မတူ၊ နမ့်ဆန်၊ နောင်ချို၊ မန်တုံ၊ သီပေါ၊ မိုးနဲ၊ ကလော၊ အောင်ပန်း၊ ညောင်ရွှေ၊ တောင်ကြီး၊ အေးသာယာ၊ ရွှေညောင်၊ ပင်းတယ၊ ပင်လောင်း၊ နောင်တရား၊ ဖယ်ခုံ၊ ရွာငံ၊ ရပ်စောက်၊ အင်းတော၊ ဟိုပုံး၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ တန့်ယန်း၊ မိုင်းရယ်၊လားရှိုး၊ သိန်းနီ၊ မိုင်းပန်၊ ကျိုင်းတောင်း၊ မောက်မယ်၊ လင်းခေး၊ ကျေးသီး၊ ပင်လုံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ခိုလန်၊ နမ့်စန်၊ မိုင်းကိုင်၊ လွိုင်လင်၊ လဲချား၊ | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၄၃ မြို့<br>- ကာလိ၊ ကျေးသီး၊ မိုင်းရှူး၊ မိုးမိတ်၊ မဘိမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်မြို့များအား ၂၀၁၅-၂၀၁၆ တွင် လျာထားပါသည်။<br>- ကျောက်တလုံးကြီး၊ ဆီဆိုင်၊ မိုင်းယု၊ မိုင်းစံ၊ ဟိုမိန်း၊ ပန်ဆန်း၊ မန်ကန်၊ မုံးကိုး၊ မန်ဟီးရိုး၊ တာမိုးညဲ၊ မိုင်းငေါ့၊ ကုန်းကြမ်း၊ မော်ထိုက်၊ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပေါက်၊ မက်မန်း၊ မိုင်းလား၊ မိုင်းဆတ်၊ မိုင်းခုတ်၊ မိုင်းပြင်း၊ တုံတား၊ မိုင်းတုံ၊ ပုံပါကျင်၊ မုံးထ၊ ပန်လုံ၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းလုံ၊ တာချီလိတ်၊ တာလေ၊ ကျိုင်းလပ်၊ ကွမ်းလုံ၊ ဟိုပန်၊ နမ့်တစ် |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၂၇ မြို့<br>- မုံရွာ၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ချောင်းဦး၊ ပုလဲ၊ ကနီ၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ဘုတလင်၊ အရာတော်၊ ရေဦး၊ ရွှေဘို၊ ဒီပဲယင်း၊ ခင်ဦး၊ တန့်ဆည်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ပင်လည်ဘူး၊ ဝန်းသို၊ ထီးချိုင့်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ဝက်လက်၊ မော်လူး | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၁၉ မြို့<br>- ကလေး၊ ကလေးဝ၊ တမူး၊ မင်းကင်းမြို့ များအား ၂၀၁၅-၂၀၁၆ လျာထားပါသည်။<br>- မော်လိုက်၊ ဖောင်းပြင်၊ ခန္တီး၊ ဟုမ္မလင်း၊ ရွှေပြည်အေး၊ ဆမီး၊ မြို့သစ်၊ ခါမ်းပတ်၊ လဟယ်၊ မိုမိုင်းလွတ်၊ တန်ပါခွေ၊ နန်းယွန်း၊ ပန်ဆောင်၊ ဒုံဟီး၊ လေရှီး |
| ၉ | မန္တလေးတိုင်းဒေသကြီး<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၂၇ မြို့<br>-ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ညောင်ဦး၊ပုဂံ၊ ငါ့သရောက်၊ စဉ့်ကူး၊ ပြင်ဦးလွင်၊ မတ္တရာ၊ မိုးကုတ်၊ သပိတ်ကျင်း၊ ပုသိမ်ကြီး၊ အမရပူရ၊ မန္တလေး၊ ရမည်းသင်း၊ မလှိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ ငါန်းဇွန်၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ ပျော်ဘွယ်၊ မြစ်ငယ် | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၁ မြို့<br>-တကောင်းမြို့အား ၂၀၁၅-၂၀၁၆ လျာထားပါသည်။ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၃၃ မြို့<br>-ပဲခူး၊ တောင်ငူ၊ ကျောက်ကြီး၊ ကေတုမတီ၊ ထန်းတပင်၊ ဖြူး၊ ရေတာရှည်၊ အုတ်တွင်း၊ ကဝ၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ညောင်လေးပင်၊ မဒေါက်၊ ပြွန်တန်ဆာ၊ ဒိုက်ဦး၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ ပြည်၊ သာယာဝတီ၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ သဲကုန်း၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ မင်းလှ၊ မိုးညို၊ လက်ပံတန်း၊ အုတ်ဖို၊ သုံးဆယ်၊ ပေါင်းတည် | ဓာတ်အားစနစ်မှ မီးလင်းရန် ကျန်မရှိပါ။ |
| ၁၁ | မကွေးတိုင်းဒေသကြီး<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၂၂ မြို့<br>-ဂန့်ဂေါ၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ရေစကြို၊ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မကွေး၊ မြို့သစ်၊ ရေနံချောင်း၊ ငဖဲ၊ စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ စကု၊ ကံမ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ သရက်၊ အောင်လံ၊ | ဓာတ်အားစနစ်မှ မီးလင်းရန် ကျန် ၅ မြို့<br>-မင်းတုန်း၊ ကံမမြို့များအား ၂၀၁၅-၂၀၁၆ လျာထားပါသည်။<br>-ဆော၊ ထီးလင်း၊ ကျောက်ထု |
| ၁၂ | တနင်္သာရီတိုင်းဒေသကြီး<br>ဓာတ်အားစနစ်မှ မီးလင်းပြီး မရှိပါ။ | ဓာတ်အားစနစ်မှ မီးလင်းရန် ကျန် ၁၆ မြို့<br>-ထားဝယ်မြို့အား Gas အင်ဂျင်ဖြင့် ၂၀၁၅ လျာထားပါသည်။<br>-မြိတ်၊ ပုလော၊ တနင်္သာရီ၊ ကရသူရိ၊ ပလောက်၊ လောင်းလုံ၊ ပြည်ကြီးမဏ္ဍိုင်၊ ရေဖြူ၊ သရက်ချောင်း၊ ကလိန်အောင်၊ မေတ္တာ၊ ကော့သောင်း၊ ဘုတ်ပြင်း၊ ခမောက်ကြီးကျွန်းစု |
| ၁၃ | နေပြည်တော်<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၈ မြို့<br>-တပ်ကုန်း၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ လယ်ဝေး၊ ပျဉ်းမနား၊ ဒက္ခိဏသီရိ | ဓာတ်အားစနစ်မှ မီးလင်းရန် ကျန်မရှိပါ။ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး<br>ဓာတ်အားစနစ်မှ မီးလင်းပြီး ၂၈ မြို့<br>-ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ကျုံပျော်၊ ငပုတော၊ ပုသိမ်၊ ရေကြည်၊ ငသိုင်းချောင်း၊ သာပေါင်း၊ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော်၊ မအူပင်၊ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ကြံခင်း၊ ဇလွန်၊ မြန်အောင်၊ ကနောင်၊ လေးမျက်နှာ၊ ဟင်္သာတ၊ အင်္ဂပူ | ဓာတ်အားစနစ်မှ မီးလင်းရန်ကျန် ၆ မြို့<br>-ရွှေသောင်ယံ၊ ငွေဆောင်၊ ငရုတ်ကောင်း၊ ပြင်စလူ၊ ဟိုင်းကြီးကျွန်း၊ အမာ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး<br>ဓာက်အားစနစ်မှ မီးလင်းပြီး ၂၀မြို့<br>-တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ ထန်းတပင်၊ မှော်ဘီ၊ ထောက်ကြံ့၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ ဒဂုံ(တောင်)၊ ကျောက်တန်း၊ တံတား၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ တွံတေး၊ သုံးခွ၊ သန်လျင်၊ ရန်ကုန်၊ ဒဂုံ(မြောက်) | ဓာက်အားစနစ်မှ မီးလင်းရန်ကျန် ၁ မြို့<br>- ကိုကိုးကျွန်း |

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**








## ကျောက်စိမ်းရတု (၃၅)နှစ်ပြည့်မင်္ဂလာဆုတောင်း

အနှိုင်းမဲ့မေတ္တာဖြင့် သားသမီးတို့၏ လိုအင်ဆန္ဒများကို အမြဲဖြည့်ဆည်းပေးသော ကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း) နှင့် ချစ်မေမေ ဒေါ်တင်တင်လှတို့၏ ၁၀-၁၂-၂၀၁၄ရက်တွင် ကျရောက်သည့် (၃၅) နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ချစ်သော သား သမီး မြေးမြစ်များနှင့်အတူ ရတုပေါင်းမြောက်မြား စွာကို ပျော်ရွှင်ကျန်းမာချမ်းသာပြီး သာသနာအကျိုး၊ ဝိပဿနာအကျိုးများအား ဆတက်ထမ်းပိုး ဆောင်ရွက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - ဒေါက်တာဟိန်းထက်ဇော်-ဒေါ်သင်းသီရိထွန်း
ချစ်သားကြီး - ဦးဝေယံမင်းထွန်း-ဒေါ်မေလှဲ့ဟိန်း
ချစ်သားငယ် - ဦးဝေဟင်မင်းထွန်း-ဒေါက်တာခိုင်စံပယ်မင်း

ချစ်မြေးများ - ဟိန်းလကျ်ာထွန်း **@ Harry**
- မင်းသီဟထွန်း **@ Tommy**
- ထွန်းမြတ်ဝေယံဟိန်း **@ Key Key**
- အိမ့်ကြာဖြူခေတ် **@ Jewel**











**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄စ/၆၁၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)
























# ချင်းတွင်းမြစ်ဆိပ်ကမ်းရေလမ်းကြောင်းကောင်းမွန်ရေး ဒုတိယအကြိမ်ပြုပြင်

**မင်းကင်း၊ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့အဝင် ချင်းတွင်းမြစ်ဆိပ်ကမ်း ရေကြောင်းအား ဒုတိယအကြိမ်အဖြစ် ရေလမ်းကြောင်းပြုပြင်ဆောင်ရွက်မှုကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေမှ ကျပ် ၃၃ သန်း အကုန်အကျခံလျက် ရေလမ်းကြောင်းအရှည် ၆၈၀ မီတာနှင့် လုပ်ငန်းပမာဏ ၅၀၃၀၆ ကုဗမီတာ သောင်တူးခြင်းလုပ်ငန်းအား နိုဝင်ဘာ ၁၃ ရက်တွင် ပြန်လည်စတင်ကာ ယခုအချိန်တွင် လုပ်ငန်းပမာဏ ၈၄၀၀ ကုဗမီတာ ပြီးစီးပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ဆိပ်ကမ်း ရေကြောင်းသည် ယခင်နှစ်များထက် မြစ်ရေကျဆင်းမှု ကြီးမားလျက်ရှိရာ ရေလမ်းကြောင်းများ ကောင်းမွန်စေရန်နှင့် မင်းကင်းမြို့ဆိပ်ကမ်းအား ရေယာဉ်များ၊ သင်္ဘောများ သွားလာဆိုက်ကပ်နိုင်ရေးအတွက် သောင်တူးသင်္ဘောဖြင့် ပထမအကြိမ် ရေလမ်းကြောင်းပြုပြင်ဆောင်ရွက်မှုကို အောက်တိုဘာ ၁၈ ရက်က စတင်ခဲ့ရာ လုပ်ငန်းပမာဏ ၃၁၅၇၀ ကုဗမီတာမှာ နိုဝင်ဘာ ၉ ရက်တွင် ပြီးစီးခဲ့သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုများကို လျာထားသတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လုပ်ငန်းတာဝန်ယူဆောင်ရွက်သူများနှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ချင်းတွင်းမြစ်ရေကျဆင်းချိန် နွေရာသီကာလတွင် မုံရွာမြို့နှင့် ဟုမ္မလင်းမြို့တို့အကြား ရေကြောင်းကြပ်သည့် နေရာပေါင်း ၄၀ ကျော်ရှိရာ မင်းကင်းမြို့နှင့် မော်လိုက်မြို့ ဆိပ်ကမ်းများလည်းပါဝင်ပြီး ယခုကဲ့သို့ မင်းကင်းမြို့ဆိပ်ကမ်းအဝင် ချင်းတွင်းမြစ်ဆိပ်ကမ်း ရေကြောင်းလမ်းကောင်းမွန်ရေးအတွက် သောင်တူးသင်္ဘောဖြင့် တူးဖော်ဆောင်ရွက်မှုပြီးစီးပါက ချင်းတွင်းမြစ်ကြောင်းပေါ်တွင် သွားလာသည့် ရေယာဉ်များ၊ သင်္ဘောများမှာ မင်းကင်းမြို့ဆိပ်ကမ်းတွင် အဆင်ပြေချောမွေ့စွာ ဆိုက်ကပ်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# စဉ့်ကိုင်မြို့အတွင်း ဆောင်းသီးနှံ မုန်လာဥများ လှိုင်လှိုင်ပေါ် ဈေးကောင်းရလျက်ရှိ



**စဉ့်ကိုင်၊ ဒီဇင်ဘာ ၉**

ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် မုန်လာဥများ စဉ့်ကိုင်မြို့နယ်တွင် လှိုင်လှိုင်ပေါ်ကာ ဈေးကောင်းရ၍ စိုက်ပျိုးသောတောင်သူများနှင့် မုန်လာဥရောင်းဝယ်သော ပွဲစားများလည်း ယခင်နှစ်ကထက်ပိုမို အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က မုန်လာဥစိုက်ပျိုးသောတောင်သူများနှင့် ပွဲစားများပါ အရှုံးပေါ်ခဲ့၍ ယခုနှစ်ရာသီတွင် စိုက်ပျိုးသူနည်းပါးခြင်းနှင့် မုန်လာဥစတင်စိုက်ပျိုးသောအချိန်တွင် မိုးရွာသွန်းမှုကြောင့် အခင်းများပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ဈေးကောင်းရရှိကာ တောင်သူများနှင့် ပွဲစားများပါ အကျိုးဖြစ်ထွန်းခဲ့ကြောင်း သိရသည်။ ယင်းမုန်လာဥကို စဉ့်ကိုင်မြို့နယ်အတွင်းတွင် ပင်ချား၊ ပတ္တာ၊ ညဏ်ကွေ့ စသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

"မနှစ်ကတော့ ကျွန်မတို့ကော၊ တောင်သူကော တော်တော်ကိုရှုံးတယ်။ တချို့အခင်းတွေဆို နုတ်တောင်မနုတ်နိုင်ဘူး။ ဒီနှစ်တော့ စိုက်တဲ့သူကလည်းနည်း၊ စိုက်ချိန် မိုးကရွာတော့ ပျက်စီးပြီး တချို့တောင်သူတွေက ပြန်မစိုက်တော့ဘူး။ ကျွန်မတို့က တောင်သူတွေဆီက အခင်းလိုက်အပြတ်ဝယ်ရတာ။ မုန်လာဥလုပ်ငန်းက လက်တော့ဝင်တယ်။ အလုပ်သမားစရိတ်လည်း ကုန်တယ်။ အလုပ်သမားစရိတ်က ထော်လာဂျီတစ်စီးကို နုတ်တဲ့အချိန်ကစပြီး ရေဆေးပြီးတဲ့အထိ တစ်သောင်းကျော်ပေးရတာ။ ဒါပေမဲ့ ဒီနှစ်က ဈေးကောင်းရလို့ ကျွန်မတို့ကော၊ တောင်သူကော အကျိုးအမြတ်ရှိပါတယ်" ဟု ပင်ချားကျေးရွာမှ မုန်လာဥရောင်းဝယ်ရေးလုပ်ကိုင်နေသူ ပွဲစားတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆောင်းသီးနှံ မုန်လာဥကို နှင်းကျအမီ အပင်ဖြစ်ရန်အတွက် သီတင်းကျွတ်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးရပြီး တန်ဆောင်မုန်းလတွင် နုတ်ယူသည့်အဆင့်သို့ရောက်ရှိကာ မုန်လာဥစိုက်ပျိုးရာတွင် မျိုးစေ့ကို စိတ်ချရစေရန်အတွက် ဘူးမျိုးစေ့မျိုးကိုသာ ရွေးချယ်ပြီး တစ်ဧကလျှင် လေးဘူးခန့်အထိ အသုံးပြုရကြောင်း သိရသည်။ မုန်လာဥမျိုးစေ့ အခင်းထဲထည့်ပြီး အပင်ဖြစ်လာပါက ရေလိုအပ်သောအချိန်တွင် ရေသွင်းပေးခြင်း၊ ခါးပေါင်းလိုက်ပေးရခြင်းနှင့် မြေဩဇာကိုလည်း ထည့်ပေးရကြောင်း၊ မုန်လာဥသည် နှင်းကြိုက်သောကြောင့် နှင်းမလိုက်ပါက အပင်ဖြစ်ထွန်းမှုနည်းကာ ဥပါဖြစ်ထွန်းမှုမရှိကြောင်း ဒေသခံတောင်သူများက ပြောသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# နာမည်ကြီး စိန်တလုံးသရက်သီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး နည်းပညာနှင့် အသုံးပြုပုံ မိတ်ဆက်

**မန္တလေး၊ ဒီဇင်ဘာ ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Invention Promotion Association တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ မြစ်သား၊ အမရပူရ၊ ပုသိမ်ကြီး၊ တံတားဦးမြို့နယ်များတွင် အဓိကစိုက်ပျိုးသော နာမည်ကြီးစိန်တလုံးသရက်သီးများ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး နည်းပညာနှင့်အသုံးပြုပုံ အမှတ်တံဆိပ်မိတ်ဆက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား Smart Hotel ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (မန္တလေး၊ ကျောက်ဆည်) တို့မှ ကျောင်းသား ကျောင်းသူများ၊ မန္တလေးမြို့ရှိ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဝင်များ၊ စိတ်ဝင်စားသူ ဥယျာဉ်ခြံမြေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နည်းပညာတက္ကသိုလ်မှ ဒေါက်တာသန်းသန်းဆွေက မန္တလေးတိုင်းဒေသကြီးထွက် စိန်တလုံးသရက်သီးများ နိုင်ငံတကာဈေးကွက် တင်ပို့နိုင်ရေး နည်းပညာပံ့ပိုးပေးမှုများ၊ ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်က သရက်သီးများ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ အနာအဆာကင်းစွာ ဆွတ်ခူးခြင်း၊ နိုင်ငံတကာဈေးကွက် တင်ပို့နိုင်ရေး၊ ထုပ်ပိုးခြင်း၊ သိမ်းဆည်းခြင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥယျာဉ်ခြံမြေလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များက ပြန်လည်ဖြေကြားပြီး သရက်သီးများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်းနည်းပညာများ ပြသကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကနီ၊ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အထက်ပိုင်းဒေသများရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပါဟဲ၊ နံ့စု၊ ကင်း၊ ယင်း၊ ကုန်းသာနှင့် ကျောက်လှေကားကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ဒီဇင်ဘာ ၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ မြေယာကိစ္စများ၊ စာကြည့်တိုက်များရှင်သန်ရေးနှင့် စိုက်ပျိုးရေးအထွက်တိုးသီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကို ယင်းကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်မှုအဖွဲ့သည် ပါဟဲကျေးရွာမူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်မှု၊ ကျောက်လှေကားကျေးရွာ ရေကာတာဆောက်လုပ်မည့်နေရာနှင့် ကနီ-မင်းကင်းလမ်းမှ ပါဟဲနံ့စုကျေးရွာချင်းဆက်လမ်းအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၊မြေကွက်အမှတ်(၁၃၈၀)၊ မြေကွက်တည်နေရာအမှတ်(၁၃၈၀)၊ ၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒုဗိုလ်မှူးကြီးလင်းမောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလင်းမောင် [၉/မထလ(နိုင်) ၀၃၀၇၅၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၆၄၂/က၊ မြေကွက်တည်နေရာအမှတ်-၆၄၂/က၊ ရှုခင်းသာလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးချစ်လှိုင်) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးချစ်လှိုင်(ဖခင်)နှင့် ဒေါ်ခင်တင့်(မိခင်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူဦးကျော်ငွေ[၁၂/သကတ(နိုင်)၀၆၇၂၀၇]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ် ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/A၁၊ မြေကွက်အမှတ်-၁ နှင့် မြေကွက်အမှတ်-ဒုတိယတန်းစား ၁၁၄/A၊ မြေကွက်တည်နေရာအမှတ်-၂၁၊ တန်ရိပ်သာလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် Rambux Kedia၊ Ramesh ar Singhana Thanshy- andass Poddar ၊ Jivandass Shwe hand နှင့် V-G Bijaparker & U Others Trustees အမည်ပေါက်၊ ဂရန်ရှိ သာသနာ-မြေအား ရှုရီဟာနုမာန်ဘုရားကျောင်းဂေါပကအဖွဲ့၊ ဥက္ကဋ္ဌ ဦးမန်းနီး(ခ)ဦးတင်လှ ဂေါပကအစည်းအဝေးမှတ်တမ်း(၄-၁၀-၂၀၁၄) ကိုတင်ပြ၍ ရှုရီဟာနုမာန်ဘုရားရှိခိုးကျောင်း အမည်ပြောင်း လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ရှေ့၊ မြေကွက်အမှတ် ၁၂၁၅/က၊ မြေကွက်တည်နေရာအမှတ် ၁၂၁၅/က၊ အောင်သုခ(၂၄)လမ်း၊ ၆ရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဦးကျော်စိုး၊ (၂) ဦးသန်းဌွေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦး ဖြစ်သူ ဦးသန်းဌွေး(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့် [၁၂/သကတ(နိုင်) ၀၂၉၈၆၆]မှ ကျန်အမည်ပေါက် ဦးကျော်စိုး [၁၂/သကတ(နိုင်)၀၇၉၂၇၉]နှင့် ပူးတွဲလျက် သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၃၂)၊ အခန်း(၁၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သူသူခိုင် [၁၂/လမန(နိုင်)၁၃၇၁၈၂]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးငွေရိုဒိန်း [၄/ဖလန(နိုင်)၀၃၈၁၇၇]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၂)ကို မူလအမည်ပေါက်ပိုင်ရှင်ဒေါ်ခင်လှမြင့် [၁၂/ရကန(နိုင်)၀၂၁၇၆၅]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးကျော်အေး [၇/ရကန(နိုင်)၀၀၄၁၈၃]၊ ဒေါ်မြင့်မြင့်အေး [၇/ရကန(နိုင်)၀၁၂၆၉၅]က ပိုင်ရှင် အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3850 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9990 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက် (၆၈၆)၊ အခန်း(၃၀၁)ကို မူလ အမည်ပေါက်ပိုင်ရှင် ဗိုလ်ကြီးအောင်မင်းသိမ်း[၁၂/ဒဂတ(နိုင်)၀၂၉၅၁၇]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မေ[၉/ရမသ(နိုင်)၀၆၈၁၉၄]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထား လာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးကျော်ကျော်ဦး [၁၂/သလန(နိုင်)၀၅၈၅၁၃] (မှ) | ဒေါ်မီမီယုနိုင် [၁၂/ပဇတ(နိုင်)၀၀၃၇၂၄] | တိုက်အမှတ်(F)၊ အထပ်အမှတ်(၂)၊ အခန်းအမှတ်(၁)၊ ပုလဲကွန်ဒိုမီနီယမ် အိမ်ရာ၊ဗဟန်းမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

သတင်းဆောင်းပါး

# မြိုင်မြို့နယ်၌ ညောင်ရမ်းခေတ် နှစ်ပေါင်း ၂၇၆ ကျော်ကတည်ရှိခဲ့သော အံ့မခန်းအနုပညာလက်ရာများနှင့် မနောရမ္မာ ရွှေကျောင်းတော်ကြီး

**à xGvtfrif**

မနောရမ္မာ ရွှေကျောင်းတော်ကြီး မြိုင်မြို့ အရှေ့တောင်ဘက် လေးမိုင်အကွာ ဗိမ္မာန်မကျေးရွာတွင် တည်ရှိသည်။ အရပ်ဒေသက 'အုံတုံပင် ရွှေကျောင်းတော်ကြီး' ဟု ခေါ်ကြသည်။ ဗိသုကာအနုပညာလက်ရာတို့ စုဝေးရာ အုံတုံပင်ရွှေကျောင်းတော်ကြီးကား သမိုင်းအခေါ် ဒုတိယအင်းဝခေတ် (ညောင်ရမ်းခေတ်) ကပင် တည်ရှိခဲ့သဖြင့် ယခုအခါ နှစ်ပေါင်း ၂၇၆ နှစ်ကျော် ကြာမြင့်ပေသည်။ ရွှေကျောင်းတော်ကြီး၏ ဗိသုကာအနုပညာလက်ရာမွန်တို့ကား အံ့၍မကုန်၊ ရှု၍မရဲ လောက်အောင် ရှားမှရှား မနောရမ္မာ ရွှေကျောင်းတော်ကြီး ဖြစ်ပေသည်။

'မနော-စိတ်ကို၊ ရမ္မာတိ-မွေ့လျော်စေ၏' ထို့ကြောင့် မနောရမ္မာဟူသည် ရှုမြင်ရသူတိုင်း၏စိတ်ကို ကြည်နူးမွေ့လျော်ဖွယ်ရာဖြစ်စေ၏ဟု အနက်ရပေသည်။ ထိုကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သော အလှူရှင် စိမ့်ကန်ရွာဦးဆုသာ ဇနီး ဒေါ်စံမြို့ သားသမီးတစ်စုတို့ဖြစ်ကြသည်။ ခရစ်သက္ကရာဇ် ၆ မေ၊ ၁၇၃၈ ခု၊ မြန်မာသက္ကရာဇ် ၁၁၀၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်၊ စနေနေ့တွင် စတင်ဆောက်လုပ်ပြီး ၁၉၄၂ ခုနှစ် ဇူလိုင် ၂ ရက်တွင် ဆောက်လုပ်ပြီးစီး၍ လေးနှစ်နှင့် နှစ်လကြာမျှ အချိန်ယူဆောက်လုပ်ခဲ့သည်။ ထိုကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသော နေ့မှာပင် အရှင်ဥတ္တမလင်္ကာရ ပုဂ္ဂိုလ်မြတ်အား လှူဒါန်းခဲ့သည်။

မနောရမ္မာ ရွှေကျောင်းတော်ကြီးကို အရှေ့အနောက် အလျား ၇ ပင်၊ တောင်မြောက် အနံ ၆ ပင်၊ ခန်းပွင့်လေးတောင်၊ ပတ်လည် (သုံးပေခြောက်လက်မ)၊ ကျွန်းတိုင် ၄၅ လုံး၊ ဒေါက်တိုင် သုံးခုအပါတို့ဖြင့် ဆောက်လုပ်ထားသည်။ ကျောင်းကြီး၏ အမိုးမှာ ဘုံသုံးဆင့်ရှိပြီး မြေပြင်မှ အမိုးသုံးဆင့်ထိပ်အထိ ပေ ၄၀ ကျော် ရှိသည်။ ကျောင်းကြီး၏ အောက်ခြေမှ ခါးပန်းအထိ ခုနစ်ပေရှိသည်။ သို့သော် ယခုအခါ ငါးပေခန့်သာရှိတော့သည်။ ကျောင်းကြီးအကာနှင့် ကြမ်းခင်းတို့ကို ဒုလက်မဝက်၊ ဗြက်ခြောက်လက်မခန့်ရှိသော ပျဉ်ပြားဖြင့် ကာရံစီခင်းထားပြီး အားလုံးမှာ ကျွန်းများဖြင့် တည်ဆောက်ထားသည်။ ကျောင်းကြီးအတွင်း ကျက်သရေခန်းမုခ်ကို ရွှေပိန်းချသီဟာသနပလ္လင်တင်၍ ခန်းစီးများကိုမူ ဟင်္သာရုပ်များ၊ ပန်းကွက်၊ ပန်းပြောက်များ၊ သစ်သားပန်းပု၊ ရုပ်ကြွတို့ဖြင့် အကွက်ဖော်ထားသည့်အပြင် မျက်နှာကြက်များကို ရွှေရည်သုတ်ထားသည့် အကွက်များဖြင့် အလှဆင်ထားသည်။ ဂဠုန်၊ နဂါး သစ်သားပုံများ အစုံစုံ အထူးထူးသော အနုပညာလက်ရာမွန်တို့ဖြင့် ထုဆစ်ထားသည်။ ရွှေရည်သုတ်လိမ်းကာ ရွှေပိန်းချထားသည့် ကျောင်းကြီး၏ အကာပျဉ်များ၏ အပြင်ဘက်တွင် ရှေးဟောင်းလက်ရာ သစ်ထွင်းပန်းပုလက်ရာများ (ဒေါင်းအမျိုးမျိုး၊ ခြူးပန်းခြူးနွယ်များ၊ တကဲများ၊ တံခါးစောင့်နတ်ရုပ်ပန်းပုပုံများဖြင့် ဖော်ကျူးထားသည်။

ထိုခေတ်ထိုအခါက ဘုန်းတော်ကြီးကျောင်းများကို လူအများစုပေါင်းလှူဒါန်းမှုရှိသကဲ့သို့ တစ်ဦးချင်းဆောက်လုပ်လှူဒါန်းသည်လည်း တွေ့ရပါသည်။ ထိုခေတ်ဘုန်းတော်ကြီးများတွင် စာပေပိဋကတ် အလွန်တတ်ကျွမ်းသော ပုဂ္ဂိုလ်ကျော်များ ရှိနိုင်ပါသည်။ ထိုပုဂ္ဂိုလ်တို့သည် ပြည်သူတို့ကို အသိပညာ စာပေများ သင်ကြားပို့ချပေးရုံမျှမက နောင်သံသရာအတွက်ပါ လမ်းညွှန်ပြသပေးသောသူတော်စင်များ ဖြစ်ကြပါသည်။ ထို့ကြောင့်ဘုန်းတော်ကြီးကျောင်းများသည် သံသရာအကျိုးအတွက် သွန်သင်နိုင်သော သူတော်စင်တို့ နေထိုင်ရာဖြစ်သည်။

ဗုဒ္ဓဘုရားသခင်၏ သာသနာတော်ကြီး စည်ပင်ထွန်းကားရန် အားထုတ်ကြကုန်သော ဘုရားသားတော်၊ သံဃာတော်တို့ သီတင်းသုံးရန် ရည်သန်လျက် မနောရမ္မာရွှေကျောင်းတော်ကြီး(ခေါ်)အုံတုံပင်ရွှေကျောင်းတော်ကြီးကိုငွေ ၂၈၂၅ ကျပ်ကိုထုတ်စွန့်ကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ ထိုခေတ်ထိုအခါက ရွှေတစ်ကျပ်သား တန်ကြေးမှာ ၁၆ ကျပ်ဖြစ်သည်။

ကျောင်းဒါယကာ ဦးဆုသာ ဇနီးမောင်နှံသည် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်သာမက ကျောင်းကြီးအတွင်းရှိ စာတိုက်သေတ္တာကြီးများ၊ ပိဋကတ်စာပေရေးကူးခများလည်း သီးခြားကုန်ကျခဲ့သည်။ ပိဋကတ်တော်များ ရေးကူးခဲ့သော ရက်စွဲမှာ ၁၇၄၁ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက် စနေနေ့ ဖြစ်သည်။ ကျောင်းပေါ်ရှိ ပေရွက်ကြီးတစ်ချပ်တွင် သက္ကရာဇ် ၁၁၀၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (စနေနေ့)တွင် ကာရကပါဠိတော်ရေး၍ပြီးသည်။ ကျောင်းဒါယကာ ဦးဆုသာ ဇနီးမောင်နှံကောင်းမှုဟူ၍ တွေ့ရှိရသည်။

အလှူရှင် ဇနီးမောင်နှံသည် မိမိ၏ အလှူမှတ်တမ်းကို ကျောင်းတော်ကြီး၏ အရှေ့မြောက်ထောင့်ရှိ လူမမီသော အပေါ်ထပ်တန်းတွင်ကျောင်းတော်ကြီးနှင့်ဆိုင်သော စာကြောင်းရေ ၁၃ ကြောင်းဖြင့် ရွှေဇဝါရေး ကမ္ပည်းမှတ်တမ်း ရေးသားကာ အလှူမော်ကွန်းရေးထိုးခဲ့သည်။ အလှူရှင်သည် ရတနာသုံးပါးကိုးကွယ်ယုံကြည်မှု၊ စာပေကျမ်းဂန်အရပ်ရပ်နှံ့စပ်ကျွမ်းကျင်မှု၊ အမြော်အမြင်ကြီးမှုတို့မှာ ချီးကျူးဖွယ်ဖြစ်ကြောင်း အလှူမော်ကွန်းနှင့် ကျောင်းကြီးက သက်သေပြနေသည်။

မြိုင်မြို့နယ်၊ စိမ့်ကန်ဒေသ၊ ဗိမ္မာန်မရွာမှ မနောရမ္မာရွှေကျောင်းတော်ကြီး(ခေါ်)အုံတုံပင်ရွှေကျောင်းတော်ကြီးအား လက်ရှိကျောင်းထိုင်ဆရာတော် ဦးဇဗ္ဗိလနှင့် ဒေသခံနယ်သားများက ဆက်လက်ပြုပြင်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။ တာဝန်ရှိသူတို့က ရှေးဟောင်းရွှေကျောင်းတော်ကြီးအား သာသနာအသက်ပြန်လည်သွင်းလျှင် အလွန်ပင်ကောင်းပေမည်ဟု ဒေသခံများက ဆန္ဒရှိနေကြသည်။

# ကြက်ပေါင်ခံ သားရေဖိနပ် အခြေခံလုပ်ငန်း မကွေးမြို့နယ် ဆားတိုင်ကံကျေးရွာတွင်ပြုလုပ်



**မကွေး၊ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တောင်တွင်းလမ်းပေါ်ရှိ မကြီးတင်နှင့် ဆားတိုင်ကံကျေးရွာကြားတွင် သားရေကြက်ပေါင်ခံ သားရေဖိနပ်၏ အခြေခံပြုလုပ်ငန်းများပြုလုပ်ကြောင်း သိရသည်။

အဆိုပါဖိနပ်ပြုလုပ်ရာတွင် အသုံးပြုရသောပစ္စည်းများမှာ နွားသားရေ၊ ထုံး၊ ဆား၊ အက်စစ်၊ ထနောင်းခေါက်သို့မဟုတ် ငုဝါခေါက်၊ လိမ်ခေါက်တို့ကို အချိုးကျရောစပ်၍ အဆင့်ဆင့်ပြောင်းပြီး ပြုလုပ်ရကြောင်း သိရသည်။

သားရေဖိနပ်ပြုလုပ်ရသော ပစ္စည်းများ၏ဈေးနှုန်းများမှာ နွားသားရေ တစ်ပိဿာလျှင် ၁၇၀၀ ကျပ်၊ ထုံးတစ်အိတ်လျှင် ၂၅၀၀ ကျပ်၊ ထနောင်းခေါက် တစ်ပိဿာလျှင် ၄၀၀ ကျပ်၊ ငုဝါခေါက်တစ်ပိဿာလျှင်၂၅၀ ကျပ်၊ လိမ်ခေါက်တစ်ပိဿာလျှင် ၃၀၀ ကျပ်၊ ဆားတစ်ပိဿာထုပ်သုံးထုပ်လျှင် ၁၀၀၀ကျပ်၊ အက်စစ်တို့ကိုအချိုးကျရောစပ်၍ ကန်တစ်ကန်ပြီးတစ်ကန် အဆင့်ဆင့်ပြောင်း၍ ထည့်ရကြောင်း သိရသည်။

ယင်းနွားသားရေကို သားရေချောဖြစ်ရန် အဆင့်ဆင့်ပြုလုပ်ရာမှာ နွားသားရေကို အက်စစ်ထုံးတို့ဖြင့် ကန်တစ်ကန်၌ တစ်ညအိပ်စိမ်ထားရပြီး သားရေ၌ကပ်နေသော အမွေးများကို ချွတ်ပေးရသည်။

ချွတ်ပြီးသားသားရေများကို ထနောင်းခေါက် သို့မဟုတ် လိမ်ခေါက်၊ ဆားတို့ဖြင့် ကန်တစ်ကန်တွင် စိမ်ထားရပြီးနွားသားရေကို ပျော့ပျောင်းစေရန်အတွက် ပျော့ဆေးနှင့်ရေရော၍ စက်ထဲသို့ထည့်ရော၍ လည်ပတ်ရသည်။

၎င်းနောက် စက်ထဲမှထုတ်၍ နေကျဲကျဲပူသောနေရာတွင် ခြောက်ရန်အတွက် နှစ်ရက်နေလှမ်းပေးရသည်။ သားရေများကို ပြန့်သည်ထက်ပြန့်ရန်အတွက် စက်ဖြင့်ကြိတ်၊ ပြန့်ပြီးသားသားရေများကို အချောထည်ဖြစ်ရန်အတွက် စက်ဖြင့်အချောသပ်၊ သားရေများကို အပျော့ဆုံးအဆင့်ထိ ပြုလုပ်ပြီး မန္တလေးဖိနပ်စက်ရုံများသို့ တင်သွင်းရကြောင်း သိရသည်။

တရုတ်ပြည်မှလည်း မှာယူလျက်ရှိကြောင်းနှင့် သားရေချောတစ်ခါပို့ပါက သားရေအချပ် ၃၀၀ မှ ၅၀၀ အထိ ပို့ပေးရကြောင်းသိရသည်။

"အရင်ကဆိုရင် လူတွေအများကြီးသုံးပြီးလုပ်ရတဲ့အလုပ်ပါ။ အခုတော့ စက်တွေနဲ့ပဲလုပ်တော့ စက်ကိုင်သုံးယောက်လောက်ပဲလုပ်ရင်အလုပ်လည်ပတ်ပါတယ်။ တစ်ဦးလုပ်အားခ တစ်လကို ၉၀၀၀၀ ကျပ်ပေးပါတယ်" ဟုအလုပ်သမားတစ်ဦးပြောသည်။ **ဇာဇာ(မကွေး)**








## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြောက်၊ မြေကွက်အမှတ် (၃၈၆/က)၊ မြေကွက်တည်နေရာအမှတ် (၃၈၆/က)၊ ရတနာပုံ (၅)လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျင်-ဒေါ်ကျင်ဆိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကျင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ကျွန်မအမည်ပေါက် ဒေါ်ကျင်ဆိုင်[၁၂/သကတ(နိုင်)၀၅၉၀၇၈]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိန်နိုင် (TME-၀၃၈၂၂၀)မှ သေစာရင်း၊ ကျမ်းကျိန်လွှာနှင့် ဂရန်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၅/စီ)၊ မြေကွက်အမှတ်(၅၂)၊ ဧရိယာ(၀. ၄၅၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၈၄)၊ ဘီပီအိုင်လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်(ဦးဘစိန်) အမည်ပေါက် B လ/န(၃၉) (စိုက်ပျိုးရေး သုတေသနစခန်းအဖြစ် အသုံးပြုရန်သတ်မှတ်)မြေအား ဒေါ်အုန်းသွင် (ဘီလစ်)[၁၂/အစန(နိုင်)၀၀၄၀၈၀]က အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂/၂၀၁၄ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၁၁-၃-၂၀၁၄ ရက်စွဲပါ စီရင်ချက်ဒီကရီ တရားမဇာရီမှုအမှတ်-၂၄/၂၀၁၄၏တရားရုံးနေ့စဉ်မှတ်တမ်း၊ (၂၅-၆-၂၀၁၄)ရက်စွဲပါတရားရုံး ဘီလစ်ခန့်စာတို့ တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ကြီးပွားရေးတောင်၊ မြေကွက်အမှတ်(၄၀၈/က)၊ မြေကွက်တည်နေရာအမှတ်(၄၀၈/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်း၊ ဦးသိန်းမောင်၊ ဦးရှိကန်တာ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးသိန်းမောင်၊ ဦးရှိကန်တာတို့ထံမှ ၁၃-၂-၁၉၉၄ရက်စွဲပါ အရောင်းအဝယ် ကတိစာချုပ်အဖြစ်ဝယ်ယူထားသူ ဒေါ်လှတင်[၁၂/သဃက(နိုင်)၀၅၇၁၄၄]မှ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဆောင်းပါး

# စိတ်ရောကိုယ်ပါကျန်းမာဖို့ လမ်းလျှောက်ကြပါစို့



**à ayjufyjuf**

အားကစားလေ့ကျင့်နည်းအမျိုးမျိုးရှိကြရာ ယင်းတို့အနက် လမ်းလျှောက်ခြင်းက အရွယ်သုံးပါးမရွေး အထူးသင့်တော်တဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အင်္ဂလိပ်အင်ဂျင်နီယာတစ်ဦးဖြစ်သူ William Cubitt ဆိုသူက ရာသီအချိန်ခါမရွေး လမ်းလျှောက်နိုင်ကြစေလိုသော ရည်ရွယ်ချက်ဖြင့် ၁၈၁၈ ခုနှစ်မှာ Treadmills (ခေါ်) ဆုံလည် ဒေါင်လိုက်ဘီးတပ်ထားတဲ့ လေ့ကားထစ်ပုံစံ လမ်းလျှောက်စက်ကို စတင်တီထွင်ပေးခဲ့ပါတယ်။

ယနေ့ အမေရိကန်ရှိဆေးရုံကြီးတွေမှာ လမ်းလျှောက်စက်တွေ ထားရှိကာ နာတာရှည် ဆီးချို၊ နှလုံးနဲ့ အဆုတ်ဝေဒနာသည်တွေကို လမ်းလျှောက်စေတဲ့ လေ့ကျင့်ခန်းကုထုံးအဖြစ် ကုသလျက်ရှိနေကြပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျ ကရိကထမများတဲ့အပြင် အလွယ်ကူဆုံးဖြစ်တာကြောင့် မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု (သို့မဟုတ်) မိတ်ဆွေသူငယ်ချင်းတွေနဲ့ အုပ်စုလိုက်ဖြစ်စေ၊ အိမ်မွေးခွေးလေးများနဲ့ဖြစ်စေ လွတ်လပ်ပေါ့ပါးစွာ ပြုလုပ်နိုင်ပါတယ်။

ကျန်းမာခြင်းဟာ ဝယ်ယူလို့ရကောင်းတဲ့ ပစ္စည်းမဟုတ်သလို၊ လူတိုင်းလူတိုင်း ကိုယ်ကျန်းမာနေမှလည်း စိတ်ချမ်းသာနိုင်တော့မှာပါ။ လမ်းလျှောက်ခြင်းဟာ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းတစ်ခုဖြစ်ပေရာ လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများကို အောက်ပါအတိုင်း အသိပေးမျှဝေရင်း ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်ပြုံးစေဖို့၊ စိတ်ရောကိုယ်ပါ ကျန်းမာဖို့ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းလိုက်ပါရစေ။

**နှလုံးအားကောင်းစေခြင်း**

ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့ HDL ကိုလက်စထရောကို မြှင့်တင်ပေးပြီး မကောင်းတဲ့ LDL ကိုလက်စထရောကို လျှော့ချပေးပါတယ်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေတာကြောင့် နှလုံးကျန်းမာစေပါတယ်။ (သွေးတိုးနဲ့ လေဖြတ်ခြင်းတို့မှ ကာကွယ်ပေးပါတယ်။) တစ်နေ့ကို နာရီဝက်ခန့် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါ မဖြစ်စေတော့ပါဘူး။ ဒ့ါပြင် သွေးတိုးရောဂါနဲ့ ဆက်စပ်လျက်ရှိတဲ့ လေဖြတ်ခြင်းအလားအလာကို ၂၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ပါတယ်။

**ရောဂါဝေဒနာဆိုးတွေကို တားဆီးပေးခြင်း**

နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းက ဆီးချိုရောဂါ အမှတ် (၂) ဖြစ်နိုင်ခြေ အလားအလာကို ၆၀ ရာခိုင်နှုန်းလောက်ထိ လျှော့ချပေးတဲ့အပြင် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာစတဲ့ ကုသရန်ခက်ခဲ့တဲ့ ရောဂါဆိုးများ ဖြစ်နိုင်ခြေအလားအလာကိုပါ ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်တယ်လို့ The British Medical Journal (ခေါ်) ဗြိတိန်ကျန်းမာရေးဂျာနယ်မှာ ဖော်ပြထားပါတယ်။

**ကြွက်သားများ ကျစ်လျစ်လာစေခြင်း**

လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းက ကယ်လိုရီတွေ လောင်မြိုက်သွားစေတာကြောင့် ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပြီး ကြွက်သားများ ကျစ်လျစ်သန်စွမ်းလာစေပါတယ်။

**ဦးနှောက်ကို ကောင်းကျိုးပြုစေခြင်း**

အင်္ဂလန်နိုင်ငံမှာ အသက် ၆၅ နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီးကြီးတွေကို ရက်သတ္တတစ်ပတ်လျှင် ခြောက်မိုင်ကျော်မျှ လမ်းလျှောက်စေခဲ့ရာ စိတ်ဖိစီးမှုတွေမရှိတော့ဘဲ ယခင်အခြေအနေထက် မှတ်ဉာဏ်စွမ်းရည်ပမာဏ ၄၀ ရာခိုင်နှုန်းထိ တိုးတက်ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

**အရိုးပွရောဂါ မဖြစ်စေခြင်း**

နေ့စဉ် လမ်းမှန်မှန်လျှောက်ခြင်းက အရိုးသိပ်သည်းဆကို တိုးပွားစေကာ အရိုးများသန်မာစေလို့ အထူးသဖြင့် သွေးမဆုံးခင်နဲ့ သွေးဆုံးပြီးစ အမျိုးသမီးများ အရိုးပွရောဂါမဖြစ်ရလေအောင် လမ်းမှန်မှန်လျှောက်ပေးပါ။ ဒ့ါပြင် လမ်းလျှောက်ခြင်းက အရိုးဆစ်များကို ကျန်းမာကြံ့ခိုင်စေတာကြောင့် အဆစ်အမြစ်ရောင်ဝေဒနာသည်များလည်း ခပ်မှန်မှန်လမ်းလျှောက်လေ့ကျင့်ခန်း လုပ်သင့်ပါတယ်။

**ခန္ဓာကိုယ်အချိုးအစားကို ပြေပြစ်စေခြင်း**

လမ်းလျှောက်တဲ့အခါ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ ရင်ကိုဖွင့်ကာ သက်သောင့်သက်သာအနေအထားဖြင့် ပုခုံးနှစ်ဖက်ကို ပြေလျော့ပြီး လက်နှစ်ဖက်ကို ဟန်ချက်ညီညီအားရပါးရ လွှဲလျှောက်ပေးရပါမယ်။ အဲဒီလို နည်းစနစ်မှန်မှန်လမ်းလျှောက်ခြင်းက ရင်ဘတ်ကြွက်သားတွေကို ကျစ်လျစ်လာစေသလို ခါးတစ်ဝိုက်က အဆီပိုတွေကိုပါ ဖယ်ရှားပေးနိုင်တာကြောင့် ခန္ဓာကိုယ်အချိုးအစားကို ပြေပြစ်သွားစေပါတယ်။

**ဗီတာမင်ဒီ ရရှိစေခြင်း**

အရိုးကျန်းမာရေးအတွက် ဗီတာမင်ဒီက မရှိမဖြစ်လိုအပ်ပါတယ်။ နံနက်ပိုင်း နေရောင်ခြည်နုနုအောက်မှာ နေပူစာလှုံရင်း လမ်းလျှောက်ခြင်းက ဗီတာမင်ဒီကို အပြည့်အဝရရှိစေမှာဖြစ်ပါတယ်။

**ခွန်အားရရှိစေခြင်း**

ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့် သွေးလည်ပတ်စီးဆင်းမှု အားကောင်းစေကာ ခန္ဓာကိုယ်အနှံ့အပြားထဲရှိ ဆဲလ်များထံ အောက်ဆီဂျင်ရောက်ရှိသွားစေတာမို့ လူကိုလန်းဆန်းပေါ့ပါးသွားစေပါတယ်။

**စိတ်ဖိစီးမှုတွေပြေပျောက်သွားစေခြင်း**

လေကို တစ်ဝကြီးရှူရှိုက်၍ ခပ်သွက်သွက် လမ်းလျှောက်ခြင်းက စိတ်ရဲ့ထွက်ပေါက်ဖြစ်စေတာကြောင့် စိတ်ဖိစီးမှုတွေကို ပြေပျောက်သွားစေပါတယ်။

**သတိပြုရန်**

(၁) နံနက်ခင်းစောစော လမ်းထလျှောက်တဲ့အခါ တစ်ဦးတည်းလျှောက်ခြင်းထက် အနည်းဆုံးလမ်းလျှောက်ဖော်တစ်ယောက် ပါပါစေ။

(၂) အန္တရာယ်ကာကွယ်တဲ့အနေနဲ့ ထီး (သို့မဟုတ်) လက်ကိုင်တုတ် တစ်ခုခုဆောင်ပါ။

(၃) ယာဉ်အန္တရာယ်ကင်းဝေးအောင် လမ်းဘေးကကပ်လျှောက်ပါ။

(၄) သက်သောင့်သက်သာရှိစေတဲ့ ဖိနပ်ကိုဝတ်ဆင်ခြင်းက ခြေထောက်နာ၊ ခြေထောက်ကွဲအက်ခြင်းကို မဖြစ်စေပါဘူး။

(၅) ချွေးစုပ်နိုင်တဲ့ ချည်သားအဝတ်အထည်တွေ ဝတ်ဆင်ပါ။

(၆) လမ်းလျှောက်ပြီးတဲ့နောက် ရေများများသောက်ပါ (သို့မဟုတ်) ရေဘူးဆောင်ထားပါ။

(၆) အသွင်သစ်အမြင်သစ်ဖြင့် အာရုံလန်းဆန်းစေဖို့ သွားလမ်းနဲ့ ပြန်လမ်းကို မတူအောင်ရွေးလျှောက်ပါ။

(၇) အကယ်၍ အိမ်မွေးခွေးတိရစ္ဆာန်နဲ့လျှောက်ပါက အများပြည်သူကို အနှောင့်အယှက်မဖြစ်ရလေအောင် ခွေးကို လည်ပတ်စီး၊ ပါးစပ်ပိုက်အုပ်၍ မစင်အညစ်အကြေးထည့်ဖို့ အိတ်တစ်လုံးဆောင်သွားပါ။ လမ်းလျှောက်ခြင်းအတွက် အကျိုးထူးများစွာတို့ရရှိမှာဖြစ်ပါတယ်။

## ယင်းမာပင်ခရိုင် ကနီမြို့နယ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

**ကနီ၊ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ၂၀၁၄ ခုနှစ် ပထမပတ် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဧည့်ရိပ်သာရှေ့စုရပ်မှ မြို့လယ်လမ်းအတိုင်း မြို့အဝင်ရေဝါချောင်းကိုဖြတ်၍ ရှမ်းမြောင်းနှင့် တဇယ်ချောင်ကျေးရွာအထိ အသွားအပြန် လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

လူထုလမ်းလျှောက်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် အား/ကာဦးစီးမှူး ဦးအောင်သိန်းမြင့်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်များမှပြည်သူများ စုပေါင်းပါဝင်ပြီး တပျော်တပါး လမ်းလျှောက်ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## ရေတာရှည်တွင် အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်

**ရေတာရှည်၊ ဒီဇင်ဘာ ၉**

ဒီဇင်ဘာအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲအား ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီတွင် ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကျော်၊ မြို့နယ်အား/ကာဦးစီးဌာနမှူး ဒေါ်သန်းသန်းဝင်းတို့ဦးဆောင်ပြီး ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ကျော်သည် ရေတာရှည်မြို့ မြဝတီလမ်းဆုံမှ ကရင်ချောင်းလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(B)၊ အခန်း(၈၀၇)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးထွန်းမြင့်(ZLN-၀၅၅၉၉၉)ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးမိုးကျော်ထိန် [၁၂/ဗဟန(နိုင်)၀၉၄၄၃၃]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန





# သာစည်မြို့နယ် ဘိုကုန်းကျေးရွာတွင် သောက်သုံးရေ ဖူလုံရေးအတွက် စက်ရေတွင်းတူးဖော်ဆောင်ရွက်


ယခင် သောက်ရေရရှိရန် လှည်းဖြင့် သွားရောက်ခပ်ယူခဲ့ကြရသည်။

**သာစည်၊ ဒီဇင်ဘာ ၉**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဘိုကုန်းကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းမှာ တွင်းနက်အမျိုးအစားဖြစ်ပြီး နှစ်လက်မအတိုင်းအတာဖြင့် Silver Mark Co.,Ltd. က တာဝန်ယူတူးဖော်ပေးခြင်းဖြစ်သည်။

"အခုစက်ရေတွင်းတော့ တူးလို့ပြီးသွားပါပြီ။ စက်တွေတပ်ဆင်ဖို့ပဲကျန်ပါတော့တယ်။ စက်တွေတပ်ဆင်ပြီးရင်တော့ ကျွန်တော်တို့ ရွာသူ၊ ရွာသားတွေ သောက်သုံးရေကို အလွယ်တကူ ရရှိတော့မှာပါ။ အရင်တုန်းက သောက်ရေကို ရွာနဲ့အတန်ငယ်လှမ်းတဲ့ ရေတွင်းနဲ့ ဘုန်းတော်ကြီးကျောင်းရှိ ရေတွင်းတွေမှာ သွားခပ်ရပါတယ်။ သုံးရေကတော့ မင်းလှကန်အနီးကရွာဆိုတော့ ကန်ရေနဲ့သုံးရပါတယ်။ ယခုနှစ်ကတော့ ကန်ထဲမှာရေမရှိတော့ သုံးရေအတွက်ပါ ခက်ခက်ခဲခဲသယ်ယူနေရပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဘိုကုန်းကျေးရွာတွင် သာစည်မြို့ မင်းလှကန်အနီးတွင် တည်ရှိပြီး အိမ်ခြေ ၁၄၇ အိမ်၊ လူဦးရေ ၅၅၁ ဦးနေထိုင်သည်။

အဆိုပါ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဘိုကုန်းကျေးရွာကဲ့သို့ မြို့နယ်တွင်းရှိ ကျေးရွာများတွင်လည်း သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## တိုးငွေချည်(၉) ချည်မျှင်ရှည်ဝါ မျိုးသစ် သိပ္ပံနည်းကျ စိုက်နည်းစနစ် ပညာပေးပြပွဲကျင်းပ

**ရေဦး၊ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်၌ အထူးအထွက်တိုး ငွေချည်(၉) ချည်မျှင်ရှည်ဝါ မျိုးသစ် သိပ္ပံနည်းကျ စိုက်နည်းစနစ် ပညာပေးကွင်းပြပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက တပ်သစ်ကျေးရွာ ဝါစိုက်တောင်သူ ဦးရှိန်း ကွင်းအမှတ်(၂၂၆၅)၊ ဦးပိုင်အမှတ် (၁၄၀/၀) တွင် ကျင်းပသည်။

ကွင်းပြပွဲတွင် ရွှေဘိုခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လှိုင်က ရွှေတောင်(၈)၊ ငွေ ချည် (၉)ချည်မျှင်ရှည်ဝါမျိုးများ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ကာ ထုတ်ကုန်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး ခရိုင်စက်မှုသီးနှံ တာဝန်ခံဒေါ်အမာချိုက မြေဆီလွှာတိုးတက်ကောင်းမွန်ရေး သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ အသုံးပြုရေးနည်းလမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝါစံပြစိုက်ကွက် ကွင်းတာဝန်ခံဦးကျော်စန်းလွင်က ဒေသအလိုက် ရာသီအလိုက် သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်သင့်သည့် သီးနှံပုံစံနည်းပညာ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးထုတ်လုပ်ရေးနည်းပညာတို့ကို ပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပညာပေးကွင်းပြပွဲသို့ ဒေသခံတောင်သူများအပါအဝင် မန်ကျီးတော၊ အင်ပင်၊ မုံတိုင်ပင်၊ လေးရွာကျေးရွာအုပ်စုတို့မှ တောင်သူ ၁၀၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးသန်းဦးက ပြန်လည်ရှင်းပြခဲ့သည်။

**အေးမြင့်စန်း(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ် စာပေရေချမ်းစင် စာအုပ်များထားရှိမှု ကွင်းဆင်းစစ်ဆေး

**သရက်ချောင်း၊ ဒီဇင်ဘာ ၉**

သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာ ၃၃၃ လက်ဖက်ရည်ဆိုင်တွင် ထားရှိသော စာပေရေချမ်းစင်အား မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းက ဒီဇင်ဘာ ၄ ရက်တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ယင်းသို့သွားရောက်စစ်ဆေးခဲ့ရာတွင် စာပေရေချမ်းစင်ထားရှိသောနေရာ၌ လွှတ်တော်သတင်းလွှာစာစောင်နှင့် ရေချမ်းစင်စာအုပ်များ စုံလင်စွာတွေ့ရှိရကြောင်း၊ လစဉ်စာအုပ်အသစ်များ ရောက်ရှိလာပါက ပုံမှန်လာရောက်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နိုင်ဝင်း**

## Line Link Connection ကြိုးများတပ်ဆင်

**ကနီ၊ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းသွားလမ်းလာ အများပြည်သူများ ဓာတ်လိုက်ခံရမှုအန္တရာယ်ကင်းဝေးစေရန် လမ်းကျော်ဓာတ်အားလိုင်းများတွင် လိုင်းချိတ်ဆက်ကြိုး (Line Link Connection) များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးခမ်ရှင်းခွာလ်က ကြီးကြပ်၍ လိုင်းဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကနီမြို့အတွင်း လူသွားလူလာများသော မြို့ဝင်လမ်းဆုံ၊ အ. ထ. က ကျောင်းလမ်းဆုံနှင့် မြို့လယ်လမ်းတစ်လျှောက် အချက်အချာကျသောနေရာများတွင် လျှပ်စစ်ဓာတ်အားကြိုးများ ပြုတ်ကျပါက ဓာတ်လိုက်ခံရမှုမှ ကင်းရှင်းစေရန်အတွက် လိုင်းချိတ်ဆက်ကြိုး (Line Link Connection) များကို တပ်ဆင်ရခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးခမ်ရှင်းခွာလ်က ပြောကြားသည်။

**သန်းငွေအောင်(ကနီ)**

## စလင်းမြို့နယ်တွင် ဗီယက်နမ်စပါး ၁၀ ဧက မိုးစပါးစံကွက် ရိတ်သိမ်း

**စလင်း၊ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ လက်မဲကျေးရွာအုပ်စု ကွင်းအမှတ် (၅၉၆) တွင် ယခုနှစ်မိုးရာသီ၌ စမ်းသပ်စိုက်ပျိုးသောတောင်သူဦးဝင်းရွှေ၏ ဗီယက်နမ် ၁၀ ဧက စံပြကွက်တွင် ဒီဇင်ဘာ ၂ ရက်က ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းစံကွက်ရိတ်သိမ်းပွဲ၌ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဝေက ယခုနှစ်မိုးရာသီ၌ စမ်းသပ်စိုက်ပျိုးသည့် ဗီယက်နမ်စပါးစံပြကွက်တွင် အထွက်နှုန်းခြေအနေ သုံးသပ်နိုင်ရန်နှင့် အထွက်နှုန်းမှတ်တမ်းရယူနိုင်ရန်၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် ရေရရှိမှုတိုတောင်းသော်လည်း ပုလဲသွယ်၊ ဗီယက်နမ်ကဲ့သို့ သက်ယဉ်အထွက်ကောင်းစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ စိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းစံကွက်ရိတ်သိမ်းပွဲပြုလုပ်ရာတွင် တစ်ဧကပျမ်းမျှအစိ ၁၇၅ ဒသမ ၇၈ တင်းနှုန်း၊ အခြောက် ၁၆၁ ဒသမ ၇၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ရိတ်သိမ်းပွဲသို့ တက်ရောက်လာသူများက ဗီယက်နမ်စပါး၊ ဆန်နှင့် ထမင်းနမူနာများအား လက်တွေ့ကြည့်ရှုခဲ့ကြရာ ကြိုက်နှစ်သက်မှု အပြည့်အဝရှိကြောင်း သိရသည်။

**ခွဲထက်ရှင်**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဘုရင့်နောင်၊ မြေကွက်အမှတ် (စ/၄၆)၊ မြေကွက်တည်နေရာအမှတ်(စ/၄၆)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ [ကျောင်မိန်(ခ)ဦးကျော်မြင့်၊ အွန်ဝှက်လျှောင်(ခ) ဦးတင်မောင်၊ ဒေါ်ခင်စန်း] အမည်ပေါက်(၂၅)နှစ် မြေအငှားစာချုပ်မြေအား အမည်ပေါက် (၃)ဦးအနက် (၁) ဦးဖြစ်သူ ကျောင်မိန်(ခ) ဦးကျော်မြင့်မှာ (၁၉-၉-၂၀၁၄)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ တန်စောဟွာ (ခ)ကျင်ကျင်နွယ် [၁၂/လမတ(ဧည့်)၀၀၀၃၄၃]နှင့် ကျန်အမည်ပေါက် (၂)ဦးဖြစ်သူ အွန်ဝှက်လျှောင်(ခ) ဦးတင်မောင်[၁၂/လမတ(နိုင်)၁၂၈၄၉၅]၊ ဒေါ်ခင်စန်း[၁၂/လမတ(နိုင်)၀၄၃၇၆၉] တို့နှင့် ပူးတွဲလျက် တန်စောဟွာ(ခ) ကျင်ကျင်နွယ်မှာ ကျောင်မိန် (ခ)ဦးကျော်မြင့်၏ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း (၂၅)နှစ်ဂရန်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီးသတိပြု














# မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
# အထူးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာများ၏ အနာဂတ်ဖွံ့ဖြိုးရေးအစီအစဉ်များ ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖေါ် ဆောင်ရွက်မည့်အထူးအစည်းအဝေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရေကြောင်းအင်ဂျင်နီယာများအားလုံး (အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ) မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၄-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | ၉း၀၀နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း၊ အမှတ်(၂၆/၂၇)၊ လယ်ယာ(၃)လမ်း၊ ၁၀-မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၂၃၈၀၁၇ |















ရန်ကုန်မြို့ ပန်းဆိုးတန်း- ဒလ ကူးတို့ဆိပ်အနီး ပန်းဆိုးတန်း လူကူးခုံးကျော်တံတားတည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-ခင်မောင်ဝင်း)*


ယနေ့

**မာတိကာ**

ကလေးများ၏ ဒုတိယမီးဖိုချောင်

စာမျက်နှာ - ၂

အခြေခံဥပဒေပြင်ဆင်ရေး (၁၂)ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် အရေးကြီးအဆိုတင်သွင်း ယနေ့ကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် အတည်ပြုနိုင်ရန် ဆွေးနွေးမည်

စာမျက်နှာ - ၉


# ကိုရီးယားဖောင်ဒေးရှင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လှည်းကူးမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုကိုရီးယားဖောင်ဒေးရှင်း (KOFIH) နှင့် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ရန်ကုန်မြို့ ချက်ထရီရမ်ဟိုတယ်၌ ပြုလုပ်ခဲ့သည့် ကိုရီးယားဖောင်ဒေးရှင်း၏ လုပ်ငန်း စတင်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် မြန်မာယူ-၂၀ အသင်း ပြင်ဆင်

*သတင်း - ရှိုင်းထက်ဇော်*

**ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာ ယူ-၂၀ အသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ရန် စီစဉ်ထားသည်။**

မြန်မာယူ-၂၀ အသင်းသည် ဇန်နဝါရီ ၄ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် မာရာဟာလင်ဖလားပြိုင်ပွဲကို စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲအပြီးတွင် ပြည်ပနိုင်ငံများတွင် သွားရောက်လေ့ကျင့်မည်ဖြစ် သည်။ ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ရှိ ထိပ်သီးအသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မြန်မာ ယူ-၂၀ အသင်းအနေဖြင့် အဆင့်အတန်းမီစွာယှဉ်ပြိုင်နိုင်ရန် ထိပ်သီးနိုင်ငံများတွင် သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းမှာ အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ယင်းမှ တစ်ဆင့် မော်ရိုကိုတွင် ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်သည်။ နောက်ဆုံးလေ့ကျင့်မှုအဖြစ် ဥရောပထိပ်သီးဂျာမနီနိုင်ငံတွင် အခြေပြု၍အခြားနိုင်ငံများတွင် လည်း လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ယင်းကစားသမားများဖြင့်ပင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာယူ-၂၀ အသင်းမှာ ပြည်တွင်းအသင်းများ နှင့် ခြေစမ်းပွဲများ ကစားလျက်ရှိပြီး ၂၀၁၅ နှစ်ဆန်းပိုင်းမှစ၍ လေ့ကျင့်ပြင်ဆင်မှု များ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။ ။



# ကုန်းဘောင်ခေတ် ဆင်စွယ်မှတ်တမ်းလွှာနှစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ထားရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၉**

မုံရွာခရိုင် ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကုန်းဘောင်ခေတ် အလှူဒါနကို မှတ်တမ်းတင်ထားသည့် ဆင်စွယ်မှတ်တမ်းလွှာနှစ်ခုကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက် ဧယျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာ ပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်းထောင်ဆရာတော်ကြီးသည် မိမိမွေးရာ ဘုရားကြီးကျေးရွာရှိ အိမ်ရာနေရာ၌ သာသနာတော်သက္ကရာဇ် ၁၂၀၈ ခုနှစ် နတ်တော်လဆန်း ၈ ရက်နေ့တွင် မဟာလောက မာရဇိန်စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ရှင်ဘုရင်မှ သာသနာပိုင်ခန့်အပ်ခြင်းခံရတော်မူသည့် ဒုတိယမောင်းထောင်ဆရာတော် တည်ထားကိုးကွယ်သည့် မဟာလောကမာရဇိန်စေတီကြီး တည်ထားကိုးကွယ်ပြီးနောက် မန္တလေးရတနာပုံ ဒုတိယမြို့တည်နန်းတည်

**စာမျက်နှာ ၈ ကော်လံ ၅ သို့**




ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ...

(၂)ညအိပ် (၃)ရက် တရားစခန်း ဖွင့်မည်

၂၀၁၄-ဒီဇင်ဘာလ ၁၉ - ၂၀ - ၂၁



ဘာသာရေးကို စူးစူးစိုက်စိုက်လေ့လာသူများနှင့် မပေးမလှူကောင်းသော မိစ္ဆာဒါန(၁၀)ပါး၊ အပါယ်သို့ လားစေတတ်သော အကုသိုလ်ဒုစရိုက်များကို ထုတ်ပြထားသော “အာဇီဝဋ္ဌမကသီလနှင့် သုစရိတသီလရှုကြည့်ကြည့်ခေတ်ဥာဏ်အခါ” စာအုပ်ကို ဆရာ ပါရမီနွယ်က ထုတ်ဝေလိုက်ပါသည်။

ရနိုင်သောဌာန - မချို၊ ရှင်သာမဏေမွေ့ဝိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံအရှေ့မုခ်၊ ဗဟန်း၊ စတုဘုမ္မိကကျောင်းတိုက်၊ အနော်ရထာလမ်းနှင့်(၅၃)လမ်းထိပ်၊ ပုဇွန်တောင်မြို့နယ်။

ဒေးဒရဲမြို့ ... နေ့ချင်းပြန်ဘုရားဖူးခရီးစဉ်

အမှတ်(၁) ...

အ.ထ.က (၆) ...

## တတ်ခဲ့စစ်ဆေးသူ(ပထမတန်း)ကျောင်းသား/ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ

တတ်ခဲ့စစ်ဆေးသူ ပထမတန်း(တတ်ခဲ့ကျွန်းကျင်-၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၇)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် မြန်မာနိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများကို မိတ်ကြားနှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| အချိန် | - | နံနက် ၈း၀၀နာရီမှ ၁၁း၀၀နာရီ |
| နေ့ရက် | - | ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်(တနင်္ဂနွေနေ့) |
| နေရာ | - | Dolphin ခန်းမ၊ ကန်တော်ကြီးမြေပဒေသာကျွန်း၊ ရေခဲဆိုင်မှတ်တိုင်အနီး |

**ဆက်သွယ်လှူဒါန်းရန်**

**ရန်ကုန်**

ဦးကြည်လှ(NHL ငြိမ်း) 09-5047821 ဦးဝင်းထိန်ဦး(မ/ဥက္ကလာပ) 09-73018840

ဒေါ်နော်ကျင်သိန်း (NHL) 09-254260548

ဦးမြင့်မောင်(အမျိုးသားသွေးဌာန) 09-254050963

**မန္တလေး**

ဦးစိုးမြင့်(ခုံကျ/ကာလသား) 09-259141223

ဦးထွန်းလှ(ခုတင်-၃၀၀ဆေးရုံ) 09-49245746

ဦးသန်းနိုင်ချစ် (PHL) 09-2060229

**ကျင်းပရေးကော်မတီ**

Mini Condo ...

အငှားပေးမည် 09-73184826

| | |
|---|---|
| 10ဘီး မြေသယ်ကား 9M/— | သိန်း 200-260 |
| Back Hoe 20T မှ 35T | သိန်း 650-1250 |
| Compactor 14 တန် | သိန်း 380 |
| Wheel Loader ZL-50 C | သိန်း 400 |
| Dozer SD-16 | သိန်း 750 |
| 10ဘီး Transporter + နောက်တွဲ 9M/— | သိန်း 450 |

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)

| | | |
|---|---|---|
| Shirt အင်္ကျီ | - 2900 | ကျပ် |
| Sport Shirt | - 2950 | ကျပ် |
| Style Pant | - 2950 | ကျပ် |
| ဦးထုပ် | - 950 | ကျပ် (မှစ၍) |

- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြုပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-250388594,**
- **E-mail:kyonedoe@gmail.com**

## အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၉ရက်တွင် ဂျပန်နိုင်ငံ မီနာမိအာဝါဂျီမြို့၌ ကျင်းပခဲ့သော အာရှနိုင်ငံတကာကလေးများရုပ်ရှင်ပွဲတော်တွင် “Priceless Donation” ဇာတ်ကားဖြင့် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှ ချီးမြှင့်သော ဆုရရှိခဲ့ပါသဖြင့် ဤဇာတ်ကားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ဘွားဘွားဒေါက်တာဒေါ်ခင်မေသိန်း၊ မေမေဒေါ်သင်းသင်းအေးမော် (YCDC)၊ မမကြီးမယဉ်မွန်အေး၊ မမငယ်မမြတ်နိုးအေး၊ မမဒေါက်တာယမင်းရွှေစင်အောင်၊ Laurel Art Academy မှ ဆရာ၊ ဆရာမများနှင့် သူငယ်ချင်းများ၊ Model ရွှေရည်ဦး မိသားစု၊ ဂုဏ်ပြုစကားပြောပါသောအထက(၁) ကမာရွတ်မှ ဆရာမများနှင့်သူငယ်ချင်းများ၊ ဂုဏ်ပြုပန်းစည်း၊ ပန်းခြင်းများပေးပို့ခဲ့ပါသော မိတ်ဆွေသင်္ဂဟများ၊ သွားရောက်ယှဉ်ပြိုင်ရာတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါ၍ ရင်အုပ်မကွာ စောင့်ရှောက်ပေးပါသော အန်တီကေး(ဒေါ်ခင်မိုင်စိုး)၊ မသွားမီ အမှာစကားပြောကြားပေးသော ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အန်ကယ်လေး ဦးလူမင်း၊ ဂျပန်နိုင်ငံတွင် ဖျော်ဖြေရန်သင်ကြားပေးပါသော ဆရာဦးခင်မောင်ချင်း၊ မိမိတို့သွားရောက်စဉ်က အတွေ့အကြုံများအား ပြောကြားပေးပါသော နာယကကြီးဘဘဦးအောင်လွင်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဖြူစင်အေး(လူငယ်ဒါရိုက်တာ)**

**WYTU,Laurel Art Academy**

## မြေကွက်ရောင်းမည်

ပေ(၄၀×၆၀)မြေဖို့ပြီး၊ အုတ်တံတိုင်းခတ်ပြီး

ရွှေသရဖီလမ်း၊ (၄၁)ရပ်ကွက်၊

မ/ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းနှင့်နီးသည်။

လူစည်ကားသော မဟာမြိုင်အိမ်ရာရှေ့

ဈေးနှုန်း- သိန်း ၁၇၀၀

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၂၂၀၂၂၊ ၀၉-၇၃၂၅၅၂၅၅၊ ၀၉-၇၃၁၀၇၀၀၄




## မောင်ငွေဒေါင်းဟု အမည်ပေးမင်္ဂလာပြု

ဘိုးဘိုးဦးဝင်းမြင့်(M.D) ငွေပုံကြီးကုမ္ပဏီမှ ဖေဖေ ဦးသက်ဇင်-မေမေ ဒေါ်စုမြတ်ဝင်းတို့၏သားဖြစ်သူအား ကိတ္တိမသားအဖြစ် “မောင်ငွေဒေါင်း”ဟု ဘိုးဘိုးမှနာမည်ပေး မင်္ဂလာပြုလိုက်ပါသည်-

**ချစ်သောဘိုးဘိုးဦးဝင်းမြင့်**

**(M.D) ငွေပုံကြီးကုမ္ပဏီ**



# သကျမာရဇိန်သွန်းဘုရားကြီး ခရမ်းမြို့
# (၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

## ဇာတ်ရုံမြေနေရာနှင့် ဈေးဆိုင်ခန်းများ ရောင်းချရန်ကြေညာခြင်း

ခရမ်းမြို့၊ သကျမာရဇိန်သွန်းဘုရားကြီး (၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်ကျော် ၃ရက်)ထိ ဇာတ်ပွဲ၊ ဆက်ကပ်၊ ရုပ်ရှင်၊ မျက်လှည့်၊ တုတ်ထိုး၊ ရုပ်စုံစသည့် ပျော်ပွဲရွှင်ပွဲများနှင့် ဓမ္မပူဇာအထူးတရားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဇာတ်ရုံမြေနေရာရယူလိုသူများနှင့် ဈေးဆိုင်ခန်းများ ရယူလိုသူများသည် အောက်ပါအစီအစဉ်အတိုင်း လာရောက်၍ ရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဇာတ်ရုံမြေနေရာ လေလံရောင်းချမည့်ရက်**

| | |
|---|---|
| နေ့ရက် | - (၁၃၇၆ခုနှစ်၊ ပြာသိုလဆန်း ၇ရက်) ၂၇-၁၂-၂၀၁၄ရက် |
| အချိန် | - နံနက် ၁၁း၀၀နာရီ |

**ဈေးဆိုင်ခန်းများ ရောင်းချမည့်ရက်**

| | |
|---|---|
| မူလဆိုင်ခန်းရှင်များ | - (၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း၂ရက်) ၁၉-၂-၂၀၁၅ရက် |
| အသစ်ဆိုင်ခန်းရှင်များ | - (၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၃ရက်) ၂၀-၂-၂၀၁၅ရက် |
| | - နေ့စဉ် နံနက် ၉း၀၀နာရီ |

**ဂေါပကအဖွဲ့**
**ဖုန်း-၀၅၆-၃၀၂၈၃**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်
# ရွှေရတုအထိမ်းအမှတ်ပွဲတော်ဖိတ်ကြားလွှာ

သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားတုကျွမ်းကျင်များ၊ သွားကျန်းမာရေးဆရာမများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး အောက်ပါအစီအစဉ်အတိုင်း ပါဝင်ဆင်နွှဲကြရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

**၂၆ ဒီဇင်ဘာ ၂၀၁၄**
- ရွှေရတုခန်းမအုတ်မြစ်ချခြင်း
- နေ့ဆွမ်းဆက်ကပ်ခြင်း
- ပျော်ပွဲရွှင်ပွဲ
- ပြုံးအလှကေရီပြိုင်ပွဲ
- ဖျော်ဖြေရေး
- (တေးဂီတ၊ ပြဇာတ်အငြိမ့်)

**၂၇ ဒီဇင်ဘာ ၂၀၁၄**
- မှန်ဦးဖွင့်လှစ်ခြင်း
- ဆရာကြီးဦးအောင်သန်းရုပ်တုဖွင့်လှစ်ခြင်း
- ပညာရပ်ဆိုင်ရာပြခန်းများဖွင့်လှစ်ခြင်း
- ပညာရပ်ဆိုင်ရာဟောပြောပွဲ၊ ပျော်ပွဲရွှင်ပွဲ
- ဖျော်ဖြေရေး(တေးဂီတ၊ ပြဇာတ်၊ အငြိမ့်)
- ရွှေရတုညစာစားပွဲ
- (ကန်တော်ကြီးပဲလေ့စ်ဟိုတယ်)

**၂၈ ဒီဇင်ဘာ ၂၀၁၄**
- လှေလှောရေးခရီး
- ဂေါက်သီးရိုက်ပြိုင်ပွဲ
- အားကစားပြိုင်ပွဲများ

**(သီးခြားဖိတ်စာမပေးပို့ပါ)**

**ကျင်းပရေးဗဟိုကော်မတီ**
**ဖုန်း-၀၉-၅၁၉၀၅၂၄၊ ၀၉-၅၁၇၂၁၅၄၊ ၀၉-၅၀၂၇၃၆၂**

English for Academic Purposes (EAP)

IELTS Foundation & Preparatory Courses

LANCASTER Education Centre

IELTS Foundation _ Preparation
IELTS Writing & Speaking
General English Intermediate to Advanced
General English Weekdays & Weekends
IGCSE English
Starters, Movers, Flyers, KET, PET, FCE

ရန်ကုန်စက်မှုတက္ကသိုလ်(1984-1993) ဘာသာရပ်ပေါင်းစုံ

Shwe Shan Kan Restaurant, Yangon Universities Boat Club, Inya Road, Kamayut Township

(Ec)(095181133), (Ec)(095124577), (Mech)(098627852) (Mech)(0973060117), (Mech)(092002924), (Chem)(09450011680)

Account no. (09-11-22-09-28897)

# တိုက်ကြီးမြို့ အထက(မြို့မ)နှင့် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
# "အဌမအကြိမ်မြောက်"အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

တိုက်ကြီးမြို့၊ အထက(မြို့မ)နှင့် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၈-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တိုက်ကြီးမြို့ အထကကျောင်း အနော်ရထာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကန်တော့ခံကြွရောက်ကြပါရန်နှင့် ရပ်ဝေးရပ်နီးမှ တပည့်အပေါင်းတို့ကလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီတက်ရောက်၍ ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆရာ၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက

| | | | |
|---|---|---|---|
| ဦးထွန်းရီ | - ဖုန်း-၀၉-၄၃၀၈၈၂၀၅ | ဦးလှတင် | - ဖုန်း-၀၉-၅၃၉၄၂၆၀ |
| ဦးမိုးကျော် | - ဖုန်း-၀၉-၅၃၉၄၁၇၉ | ဒေါ်ကြင်နွဲ့ | - ဖုန်း-၀၉-၅၃၉၄၂၆၃ |

အလှူငွေများကို ဘဏ်မှတစ်ဆင့် ငွေလွှဲဖြင့် လှူဒါန်းလိုပါက KBZဘဏ် ငွေစုစာရင်းအမှတ် 1341210000305 (KBZ)သို့ လွှဲပို့လှူဒါန်းနိုင်ပြီး၊ ငွေလွှဲပြီးပါက ဦးမြဝင်း၊ ဖုန်းနံပါတ် ၀၉-၅၀၃၄၈၁၀သို့ ဖုန်းဖြင့် အကြောင်းကြားပေးပါရန်နှင့် မြတ်ဆရာပူဇော်ပွဲနှင့် သက်ဆိုင်သော အကြောင်းအရာများကို www.facebook.com/page/မြတ်ဆရာပူဇော်ပွဲ တိုက်ကြီးမြို့နယ် 28 Dec 2014တွင် ကြည့်ရှုနိုင်ပါသည်။

မှတ်ချက်။ ။အာစရိယပူဇော်ပွဲကြွရောက်မည့် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် ၂၈-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၆း၃၀နာရီတွင် စုရပ်၊ သခင်မြပန်းခြံ၊ တိုက်ကြီးကားဂိတ်ရှေ့မှ မော်တော်ယာဉ်များ စီစဉ်ထားပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**တိုက်ကြီးမြို့**

DUAL TECH Vocational Training Centre

Civil (Construction)
Air-Con & Refrigeration
Electrical & Electronic
Welding & Fabrication
Mechanical Manufacturing
Maintenance, Installation

Computer Basic(Office 2013)
Advanced Excel / D.T.P
Graphic Design( CS6)
Professional Graphic Design
Programming ( C++ /Java)
Web Designer/Web Developer
Video Editing / Adobe Flash
Pratical A+/Ms Access

Auto CAD (Intermediate)
Auto CAD (Advanced)
Auto CAD (Civil/Archi)
Civil Project Training
Etabs & Safe
Estimate
3ds Max

General English
(4 Skills + Grammar + Vocab)
Spoken English
Business English
Interview English

VALUESTAR
EDUCATION CENTRE
01-526534,09-450001145

## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၁၂-၂၀၁၄ရက်၊ နတ်တော်လပြည့်ကျော် ၁၁ရက်မှ ၂၇-၁၂-၂၀၁၄ရက်၊ ပြာသိုလဆန်း ၇ရက်ထိ ၁၀ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၁၂-၂၀၁၄ရက်မှ ၃-၁-၂၀၁၅ ရက်ထိ (၇)ရက်အချိန်ပိုင်း တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်) ဒီဃကာယဓမ္မာစရိယ၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**
**ဖုန်း-၅၇၁၂၅၈၊ ၀၉-၇၀၇၇၃၂၈၊**
**၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃**

**ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၅၀၇၇၃၂၈၊ ၃၈၃၅၁၁၊**
**လိုင်းခွဲ(၂၅၁)**




## ရောင်းမည် (Ph: 095062743)

၁။ ဗိုလ်တေဇလမ်း၊ ဗိုလ်မင်းရောင်ကျောကပ်၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ (၄၀'×၆၀')၊ ဂရန်အမည်ပေါက်၊ 2RC၊ တိုက်သစ်၊ ပါကေးပြည့်ခင်း၊ 1MBR၊ 3BR၊ ပြင်ဆင်ပြီး၊ ကားပါကင်၊ အုတ်တံတိုင်းခတ်။ သိန်း (၂၅၅၀) (ညှိ)

၂။ ပန်းခြံတာဝါ(မြေနီကုန်း)၊ ၁၀လွှာ(ထောင့်ခန်း)၊ 1250 sqft၊ ကျွန်းပါကေးပြည့်ခင်း၊ 1MBR၊1BR၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ Phone(1) ၊AC(2)၊ သိန်း(၂၆၀၀) (ညှိ)

## ရွှေပန်းကမ္ဘာ အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီလီမိတက်

**အောက်ပါ ကွန်ဒို၊ တိုက်ခန်း၊ လုံးချင်း၊ မြေကွက်များ ရောင်းရန်ရှိသည်**

၁။ ပြည်လမ်းမကြီး(၃)ရပ်ကွက်၊ ပေ(၆၀×၈၀)၊ ဘိုးဘွားပိုင်မြေ 50000 Ls
၂။ အင်းစိန်၊ တန်းမြင့်ကျောင်းလမ်းမအနီး ပေ(၄၅×၉၅) 2RC အဆင့်မြင့်ပြင်ပြီး၊ ဘိုးဘွား 15000Ls
၃။ ဘောက်ထော်၊ နီလာလမ်းနှင့် ဓမ္မာရုံလမ်းထောင့်၊ ပေ(၄၅×၉၅) BNတစ်ထပ်ခွဲပြင်ပြီး၊ (ဂရန်)8000Ls
၄။ မ/ဒဂုံ၊ ပင်လုံဆေးရုံအနီး၊ နှင်းဆီမြိုင်လမ်းသွယ်၊ ပေ(၉၀×၉၄) 2RC အဆင့်မြင့်ပြင်ပြီး 7000Ls
၅။ သံသုမာလမ်း၊ နောက်ကျောကပ်၊ ဘေလီတံတားအဆင်း၊ ပေ(၄၀×၆၀)ဂရန် 5500Ls
၆။ စ/ခ၊ ရှင်စောပုလမ်း၊ (Condo)၊ ပေ(၂၅×၈၀)၊ 3F lift အဆင့်မြင့်ပြင်ပြီး 4300Ls
၇။ ကမာရွတ်၊ ဗဟိုလမ်းမကြီးပေါ်၊ ပေ(၁၂. ၅×၅၀) 2BN အဆင့်မြင့်ပြင်ပြီး 4300Ls
၈။ စ/ခ၊ ဓမ္မိကဝတီလမ်း၊ (မြေ)ပေ(၁၄×၅၀)ဆောက်လုပ်ခွင့်ပါမစ်ကျပြီး 1600Ls
၉။ တ/ဥက္ကလာ၊ ဗြဟ္မစိုရ်လမ်းမကြီးပေါ် (Condo)၊ပေ(၂၀×၆၀) Lift ကြိုပွိုင့် ကျန်မြို့နယ်များတွင်လည်း ရောင်းရန်/ငှားရန်ရှိပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၈၇၆၇၅၊ ၀၉-၂၅၃၆၃၇၀၃၁၊ ၀၉-၂၅၃၆၃၇၀၃၂

## မိုးကုတ်ဝိပဿနာချမ်းမြေ့သာကျောင်း ဒီဇင်ဘာ တရားစခန်းပွဲ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ယောမင်းကြီး (၄)လမ်း၊ မိုးကုတ်ဝိပဿနာချမ်းမြေ့သာကျောင်းတွင် နှစ်စဉ်ကျင်းပမြဲ မိုးကုတ် တရားစခန်းကို ၂၁-၁၂-၂၀၁၄ရက်မှ ၂၇-၁၂-၂၀၁၄ရက်အထိ (၇)ရက်တိုင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်၏ ဥပနိဿယနှင့်အညီ မြတ်စွာဘုရား အလိုတော်ကျ ပဋိစ္စသမုပ္ပာဒ် ဒိဋ္ဌိဖြုတ် သစ္စာလေးပါး တရား ဟောကြားမည်ဖြစ်ပါ၍ တရားနာ တရားအားထုတ်လိုသော ယောဂီများ ၂၀-၁၂-၂၀၁၄ရက် ညနေ ၄း၀၀နာရီမှစ၍ လာရောက်ရပါမည်။ တရားစခန်းနှင့်စပ်၍ လှူဒါန်းလိုသူများ ၀၉-၅၀၄၆၃၅၄၊ ၀၉-၂၅၄၄၈၁၂၄၄သို့ ဆက်သွယ်နိုင်ပါသည်။










## မြန်မာ့သစ်လုပ်ငန်း
## ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## ၁/၂၀၁၄-၂၀၁၅ ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံးဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ စက်မှုကုန်ကြမ်း သစ်လုံးများကို အောက်ဖော်ပြပါ အတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၃၀-၁၂-၂၀၁၄ ရက်(အင်္ဂါနေ့) ၁၁း၀၀နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ပျဉ်းကတိုး/သစ်ယာသစ်လုံး - ၆၁၈. ၇၉၈ တန်
- အုပ်စု(၂/၃)သစ်လုံး - ၈၇၃. ၄၂၂ တန်
(သင်းဝင်၊ ယင်းတိုက်၊ စကားဝါ၊ ထောက်ကြံ့ သစ်လုံးများ ပါဝင်ပါသည်။)
(ဂ) ရောင်းချမည့်နေရာ - လက်ထောက်အထွေထွေမန်နေဂျာရုံး၊ အစည်းအဝေးခန်းမ၊ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatiber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ အောက်ဖော်ပြပါဖုန်းနံပါတ်များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ပြည်တွင်းရောင်း/စက်ရုံချုပ် - ၀၁-၃၇၂၀၂၃
ဒုတိယအထွေထွေမန်နေဂျာ၊ ဧရာဝတီတိုင်းဒေသကြီးရုံး - ၀၄၂-၂၄၃၉၂/၂၄၃၈၉
လက်ထောက်အထွေထွေမန်နေဂျာ၊ ဧရာဝတီတိုင်းဒေသကြီးရုံး - ၀၄၂-၂၄၆၉၁/၂၄၆၉၃

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး**







## Computer စက်ပန်းထိုးစက်(၂)လုံး ရောင်းရန်ရှိသည်

အမျိုးအစား

| | | | |
|---|---|---|---|
| (1) | TAJIMA | model: TMFD-620 | -ခေါင်း(၂၀)ခေါင်း<br>-အပ်တိုင်(၆)တိုင် |
| (2) | FEIYA | model:GG748-GG | -ခေါင်း(၈)ခေါင်း<br>-အပ်တိုင်(၉)တိုင် |

**ဆက်သွယ်ရန် ဖုန်း 09-250649269, 09-73202923**



# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ(ဦးကျင်ဟုတ်)-ဒေါ်မြင့်မြင့်၊ ဆိပ်ဖြူမြို့နေ(ဦးစိုး)-ဒေါ်မြခင်တို့၏သားရတနာ

**ဗိုလ်ကြီးအောင်ခိုင်စိုး**

**B.C.Sc,D.S.A, P.G.D.A.A**

နှင့်

ရန်ကုန်မြို့နေ ဦးသက်ဝင်း-ဒေါ်သီသီဌေးတို့၏ သမီးရတနာ

**မဖြူစင်သက်ဝင်း**

**Second years(Mathematic)**

တို့၏၁၉-၁၁-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဗိုလ်တထောင်မြို့နယ်၊ မြို့နယ်တရားသူကြီး ဦးဝင်းဖေခိုင်အားလည်းကောင်း၊ ၃၀-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးစိန်လှိုင် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)အကောက်ခွန်ဦးစီးဌာနနှင့်ဇနီးဒေါ်မြမူအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးရဲထွဋ်(C.E.O M.Y Group of Co.,Ltd)နှင့်ဇနီးဒေါ်ဥမ္မာမြင့် (MD.M.Y.Group of Co.,Ltd) အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်မတက်ရောက်နိုင်ပါသော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော တပ်မတော်အုပ်ချုပ်မှုကျောင်း၊ ကျောင်းအုပ်ကြီးဗိုလ်မှူးချုပ်ဇော်ဝင်းနှင့်ဇနီးဒေါ်အိအိထွေး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ဦးနှင့်ဇနီးဒေါ်အေးအေးမြင့်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး တေးသံရှင်စိမ်းမို့မို့နှင့် The Aces တီးဝိုင်းအားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆင်မြန်းပေးပါသော လင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော မိုးကိုဦးအဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့်ဓာတ်ပုံရိုက်ကူညီပေးပါသော ဦးချစ်နှင့်ဇနီးဒေါ်ချိုချိုအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော Model သရုပ်ဆောင် မငုရည်သန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မနှင်းဝါဝါလှိုင်နှင့် မအေးသီတာသက်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးစိုးကျော်သူနှင့် မင်္ဂလာသတို့သမီးအရံ မခိုင်ဇာသွယ်အားလည်းကောင်း၊ Yuzana Garden Hotel မှဝန်ထမ်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ နှင့် မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**ဗိုလ်ကြီးအောင်ခိုင်စိုး-မဖြူစင်သက်ဝင်း**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဒေါက်တာခင်မောင်ထွန်း(ဝန်ကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ရွှယ်ဂျီး(Lucky Time Trading Co,.Ltd)တို့၏တတိယသား

**ဗိုလ်ကြီးအောင်ညီညီထွန်း**

**B.E (Electronics),D.S.T.A**

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဗိုလ်ကြီးလှဝင်း(ငြိမ်း)

(ဌာနခွဲမှူး၊ Yatanarpon Teleport Public Co.,Ltd)-ဒေါ်ခင်စီ(မူ/ပြငြိမ်း)တို့၏သမီးထွေး

**မလဲ့ယဉ်ထွေး**

**B.A(Myanmar),LCCI -III**

**Dip in Banking**

**Asia Green Development Bank (H.O)**

တို့၏၂၉-၁၁-၂၀၁၄ရက်တွင် ရန်ကုန်မြို့၊ Yuzana Garden Hotel ၌ကျင်းပပြုလုပ်သည့် မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့်ဇနီးဒေါ်ခင်ခင်မင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးသန်းမြင့်နှင့်ဇနီး၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆက်သွယ်ရေးတပ်ဖွဲ့မှ အရာရှိကြီးများနှင့်ဇနီးများ၊ အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အရာရှိကြီးများနှင့်ဝန်ထမ်းများ၊ Lucky Time Trading Co,.Ltd မှဉက္ကဋ္ဌနှင့် Diamondများ၊ CBM မှတက်ရောက်ပေးသော ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ AGD Bank ရုံးချုပ်နှင့်ဘဏ်ခွဲများရှိ လူကြီးများနှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး(အထက-၂၊ ပန်းဘဲတန်း)တို့အားလည်းကောင်း၊ သတို့သားအရံအဖြစ် ကူညီပေးပါသောဗိုလ်ကြီးကျော်မင်းစိုး၊ သတို့သမီးအရံ မအေးအေးသက်၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ဗန်းကိုင် မရည်မွန်သန့်၊ မင်္ဂလာပန်းကြဲပေးပါသော မရတနာလင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မိတ်ကပ်ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့် Video မှတ်တမ်းတင်ပေးသော မိုးကိုဦးနှင့်အဖွဲ့များ၊ The Aces Band တေးဂီတအဖွဲ့အားလည်းကောင်း၊ အစစအရာရာကူညီပေးကြသော အထက(၆)မင်္ဂလာဒုံမှ ဆရာမများ၊ ကိုရဲဟိန်းစိုးနှင့် မအိအိခင်တို့ဇနီးမောင်နှံ၊ AGD Bank မှသူငယ်ချင်း၊ အစ်ကိုအစ်မများနှင့် DB (4)မှအစ်မများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးသူများ၊ ရပ်ဝေးရပ်နီးမှ နှစ်ဖက်သော ဆွေမျိုးများ၊ မိတ်သင်္ဂဟအပေါင်းနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**ဗိုလ်ကြီးအောင်ညီညီထွန်း-မလဲ့ယဉ်ထွေး**















## နှစ်(၁၀၀)ပြည့်မွေးနေ့မင်္ဂလာဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်း၊ မိုးကုတ်အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တက္ကန္ဒောဘာသ၏ နှစ်(၁၀၀)ပြည့်မွေးနေ့ ၁၄-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ တပည့် ဒါယကာ/ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

**ဖုန်းနံပါတ် - ၀၉-၄၉၃၁၇၆၅၈၊ ၀၉-၂၅၅၉၂၄၂၁၈၊ ၀၉-၄၂၈၀၁၀၀၉၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၂-၂၀၁၄ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈)ပါ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကြော်ငြာတွင် မန္တလေးဆေးတက္ကသိုလ် 79-84 Batch ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## (၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ **ဦးကိုကိုလေး**(ညွှန်ကြားရေးမှူး၊ ကုန်သွယ်/ဦးစီး)နှင့် မေမေ **ဒေါ်သိန်းနုခိုင်**(ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်/ဦးစီး)တို့၏ ၁၀-၁၂-၂၀၁၄ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာနေ့မှစ၍ ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုရာဆန္ဒပြည့်ဝပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါစေ၊ ချစ်သမီးလေးနှင့်အတူ ကျန်းမာပျော်ရွှင် အေးချမ်းစွာ နေထိုင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်---

**တစ်ဦးတည်းသော ချစ်သမီးလေး**
**ပန်းမြတ်သန္တာ**
**G-5(B)၊ အထက(၅)၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။**

## လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဦးစိုးမြင့်-ဒေါ်မို့မို့တို့၏သား **မောင်ဘုန်းပြည့်စိုး** B.Sc, Botany(လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-ရုံးချုပ်၊ သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန)နှင့် ရန်ကုန်မြို့နေ ဦးဝင်းတင်-ဒေါ်ဝင်းမြင့်တို့၏သမီး **မသဲဖြူဖြူတင်** LL.B, LL.M (လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၂) ရန်ကုန်မြို့တို့အား ၁၄-၁၁-၂၀၁၄ရက်နေ့တွင် မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စိန်၊ ၂၃-၁၁-၂၀၁၄ရက်တွင် Central Hotel ၌ ကျင်းပသော လက်ထပ်မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်နှင့်ဇနီး ဒေါ်ခင်ခင်ဌေး၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ဘုန်းပြည့်စိုး-မသဲဖြူဖြူတင်**

PPT Travels

Golden View Myanmar Travels & Tours

HIGHWAY STAR

Paper-based TOEFL
Professor THEIN TOEFL iBT

Bonita

www.myanmarnoblecollege.com.mm
edexcel
MYANMAR NOBLE COLLEGE
HND Engineering
HND Business
HND Computing (IT)

National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
STI Myanmar University
(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

Ayeyarwaddy Legend Travels & Tours

စိန်ရောင်ခြည်

Royal Gandamar Travels & Tours

December X'mas သတင်းခရီးစဉ်များ

Dec 26 — Dec 21

Call:09 333 53275,09 250 892626,095127969

3*Hotel, Scania ကား, Meals, Guide စရိတ်ငြိမ်း

KMD Computer Centre

LCCI Level 1, 2, 3

စာရင်းကိုင်သင်တန်းများ

June Exam Series 2015

Level 1,2 (Opening Date)
11 - Dec - 2014
(Thurs & Fri)
(1:00pm-3:30pm)

Level 3 (Opening Date)
13 - Dec - 2014
(Sat & Sun)
(10:30am-5:30pm)

ထွက်ပြီ

သတိုးလွင်

အနောက်ကမ္ဘာသို့ ခရီးသွားခြင်း

ကာလေးနာမည်ပေး

LCCI-EDI (UK)

LCCI စာရင်းကိုင်သင်တန်း Level 1-2-3

AutoCount & MYOB Computerised Accounting

2015/June Series (December)

(55000/-Ks)

09-5116617

09-73028453

ရွှေပုဒ္ဓမွှာမြေ

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာ၊ ရာဇဂြိုလ်၊ ဗာရာဏသီ ၄ ည ၅ ရက်

သံဝေဇနီယလေးဌာန၊ ရာဇဂြိုလ်၊ နာလန္ဒာ ၇ ည ၈ ရက်

(သံဝေဇနီယအဝိဇ္ဇာ) လေးဌာန၊ နယူးဒေလီ ၁၄ ည ၁၅ ရက်

Dec 21, Jan 7/25, Feb 7/14/21, Mar 7/14/21/28

09 73036666,09 73064666,09 5136466,09 8636466,0933337762

ပြည်စိုး မြန်မာ ဗုဒ္ဓဂယာ

21.Jan.15
22.Feb.15
25.Mar.15
18.Apr.15

Royal Package - US$ 1300

VIP Package

YGN ☎ 09-421013999
09-421014999

MDY ☎ 09-975679511
09-975679522

ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

MINN KYAN SITT TRAVELS & TOURS

သားသမီးကံကောင်းမှာလား

မိဘနဲ့သားသမီး အနာဂတ်ခရီး

ထွက်ပြီ

ဒေါက်တာဒဂုန်ခင်သင်

သမီးတော်ကိုကာမေ - ဖုန်း ၀၉ ၇၃၀၄၃၇၆၀ ၊ ၀၉ ၇၉၉၉၄၁၇၇၈

Learners' CHOICE

ထွက်ပြီ

ဘာသာစုံမေးခွန်း(၅)စုံနှင့် ဖြေများ


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ဥယျာဉ်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၀၀၇)ကို မူလအမည်ပေါက်ပိုင်ရှင်ဦးဝင်း[၁၂/မရက(နိုင်)၀၆၄၈၁၀]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မြတ်ထွေးအောင်[၁၂/အစန(နိုင်)၀၃၁၆၄၁]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**




ဂုဒ္ဒဝယာ

Discount !

Myan Tour Hot line: 01-371757, 01-393179, 09 25 30 30 30 4, 09 25 30 30 30 5


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း







( Hair Director )

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၁-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၁) ကန့်ကွက်ကြော်ငြာ ဒဂုံမြောက်မြို့နယ် ဒေါ်စန်းစန်းဦး+၂၏မြေပုံကူးတွင် ဒေါ်အေးအေးမြင့်[၁၂/ဒဂမ(နိုင်)၀၃၂၁၀၇]အစား ဒေါ်အေးအေးမြင့် [၁၂/ဒဂမ(နိုင်) ၀၃၂၁၁၇]ဟု ဖတ်ရှုပါရန်။

## စမ်းချောင်းမြို့နယ်၊ တိုက်ခန်းရောင်းမည်

၁။ မင်္ဂလာလမ်း၊ ပေ(၁၇×၃၇)မြေညီ+ပထပ်၊ (R.C)၊ သံပန်း၊ ဆန်းရှိတ်၊ လိုင်းဖုန်း၊ A/C (1)၊ မြေညီ(Hall) ပြင်ပြီး၊ ပထပ်၊ (1MBR+1BR)ပြင်ပြီး အသင့်နေတိုက်လတ်။

၂။ ရှင်စောပုဘုရားလမ်း၊ ပေ(၁၆×၇၅)ပထပ်(Lift)ပါ၊ ကွန်းပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်(2)၊ MBR (1), BR(1)၊ A/C(3) ပြင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။

**(ပွဲစားမလို)၊ ဝယ်သူဆက်သွယ်ရန်ဖုန်း-၀၉-၄၄၉၀၀၂၈၆၅၊ ၀၉-၄၂၀၁၂၈၈၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(စီ)၊ အခန်း(၈၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ပတ္တမြားကေခိုင် [၁၂/တကန(နိုင်)၀၂၄၅၅၂] ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မေမီထိန်ဝင်း [၁၂/ဗဟန(နိုင်)၁၀၀၀၂၀]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးဇူးမန်းခန်း(ခ)မောင်သောင်း(ISN-၅၅၉၆၂၃)[၁၂/အစန (နိုင်)၁၅ ၉၅၄၁] ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄)၊ မြေကွက်အမှတ်(၉၉၉) မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်သည် ကျွန်ုပ်အမှုသည် အမည်ပေါက်ဖြင့် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခဲ့ခြင်းမပြုခဲ့ပါ။ ယခု ထိုမြေကွက်ကို ဦးအောင်ကျော်ဦး[၁၂/သဃက(နိုင်) ၀၅၀၈၅၀]ကို ရောင်းချပေးခြင်းဖြစ်ပြီး အထွေထွေကိုယ်စားလှယ်လွှဲစာကိုလည်း လွှဲအပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်က ဦးအောင်ကျော်ဦးတစ်ဦးတည်းသာ ရောင်းချပေးထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ထွန်းလင်း(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ပါသည်

